# တရုတ်နိုင်ငံသို့ ရောင်းစားခြင်း

## မြန်မာနိုင်ငံတဝှမ်း ပျံ့နှံ့လာသော တရုတ် ဇနီးမယားအဖြစ် ရောင်းစားခံရမှုများ



# မာတိကာ


| | |
|---|---|
| အနှစ်ချုပ် | ၄ |
| နိဒါန်း | ၇ |
| မြန်မာနိုင်ငံမှ လူကုန်ကူးမှုကို တွန်းပို့နေသော အကြောင်းရင်းများ | ၉ |
| တရုတ်နိုင်ငံမှ လူကုန်ကူးမှုကို ဆွဲဆောင်နေသော အကြောင်းရင်းများ | ၁၀ |
| ရှမ်းပြည်နယ်မြောက်ပိုင်းမှ လူကုန်ကူးမှုကို ဆွဲဆောင်နေသော အကြောင်းရင်းများ | ၁၁ |
| ၁။ တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်း | ၁၆ |
| ဆက်လက်တည်ရှိနေသော သတို့သမီးလိုအပ်ချက် | ၁၆ |
| တရုတ်နိုင်ငံအတွင်း ရောင်းစားခံရသော နေရာများ | ၁၇ |
| ဇနီးမယားအဖြစ် အတင်းအဓမ္မရောင်းစားခံရသော အမျိုးသမီးများ၏ | |
| လင်ယောကျ်ားများ၏ ကိုယ်ရေးအကျဉ်း | ၁၇ |
| တရုတ်နိုင်ငံသို့ လူကုန်ကူးသည့် လုပ်ငန်းစဉ်အဆင့်ဆင့် | ၁၈ |
| စုဆောင်းသည့်နည်းလမ်း | ၁၈ |
| လူကိုယ်တိုင် တိုက်ရိုက်စုဆောင်းခြင်း | ၁၈ |
| -အလုပ်အကိုင်အခွင့်အလမ်းဖြင့် သွေးဆောင်ခြင်း | ၁၈ |
| အွန်လိုင်းမှ စုဆောင်းခြင်း | ၂၀ |
| -အွန်လိုင်းအလုပ်ကမ်းလှမ်းမှုများ | ၂၀ |
| အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း | ၂၀ |
| ခရီးသွားလာခြင်း | ၂၁ |
| တရုတ်နယ်စပ်သို့ သယ်ယူပို့ဆောင်ခြင်း | ၂၁ |
| တရုတ်နိုင်ငံတွင်း ခရီးသွားလာခြင်း | ၂၄ |
| ဇနီးမယားအရောင်းအဝယ် ကုန်ကျစရိတ်များ | ၂၆ |
| တရုတ်လင်ယောကျ်ားများ၏ ပြုမူဆက်ဆံပုံ | ၂၈ |

တရုတ်လူ့အသိုင်းဝိုင်း၏ ဇနီးမယားကုန်ကူးမှုအပေါ် လက်ခံအားပေးမှု ၃၁

ထွက်ပြေးလွတ်မြောက်သည့် နည်းလမ်းများ ၃၂

တရုတ်လင်ယောကျ်ားနေအိမ်မှ ကယ်ဆယ်ခံရခြင်း (သို့) ထွက်ပြေးလွတ်မြောက်ခြင်း ၃၃

တရုတ်ရဲတပ်ဖွဲ့ထံသို့ ထွက်ပြေးအဖမ်းခံခြင်း ၃၃

ဖုန်းဖြင့် အကူအညီတောင်းခြင်း ၃၄

သတင်းပေးချက်များမှတဆင့် ရဲတပ်ဖွဲ့သိရှိခြင်း ၃၅

ရဲတပ်ဖွဲ့၏ ဧည့်စာရင်းစစ်ဆေးခြင်းမှတဆင့် ကယ်ဆယ်ခံရခြင်း ၃၅

ရဲတပ်ဖွဲ့၏ နေအိမ်ပြင်ပ စစ်ဆေးခြင်းမှတဆင့် ကယ်ဆယ်ခံရခြင်း ၃၆

လင်ယောကျ်ားများ (သို့) လူကုန်ကူးသူများမှ ရဲတပ်ဖွဲ့ကို ဆက်သွယ်ခြင်း ၃၆

ရဲတပ်ဖွဲ့အကူအညီမပါပဲ ထွက်ပြေးလွတ်မြောက်ခြင်း ၃၆

တရုတ်လင်ယောကျ်ားများကိုယ်တိုင် ဇနီးမယားများကို ထွက်သွားခွင့်ပြုခြင်း ၃၇

ထပ်မံကုန်ကူးခံရခြင်း ၃၇

တရုတ်ရဲများ၏ ပြုမူဆက်ဆံပုံ ၃၈

တရုတ်နိုင်ငံအတွင်းရှိ ရဲအချုပ်ခန်း ၃၉

မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်း ၄၀

တရုတ်နိုင်ငံတွင် မွေးဖွားသော ကလေးများအပေါ် ရဲများ၏ ဆက်ဆံပုံ ၄၁

မြန်မာလူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၏ ပြုမူဆက်ဆံပုံ ၄၁

၂။ ရှမ်းပြည်မြောက်ပိုင်းရှိ တရုတ်အွန်လိုင်းလိမ်လည်မှုနေရာများသို့ လူကုန်ကူးခြင်း ၄၃

လွတ်မြောက်လာသူများ၏ နောက်ခံသမိုင်းကြောင်း ၄၄

စုဆောင်းမှုနည်းလမ်းများ ၄၄

ခရီးသွားလာခြင်း ၄၄

ဖမ်းဆီးချုပ်နှောင်ခံရမှု အခြေအနေများ ၄၅

ထွက်ပြေးလွတ်မြောက်သည့် နည်းလမ်းများ ၄၆

UWSA အာဏာပိုင်များ၏ ပါဝင်ပတ်သက်မှု ၄၇

နိဂုံးချုပ်နှင့် အကြံပြုချက်များ ၄၈

# အနှစ်ချုပ်

KWAT မှ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကူညီပံ့ပိုးခဲ့သော လူကုန်ကူးမှုမှလွတ်မြောက် လာသူ အမျိုးသမီး ၁၈၇ ဦး နှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံ၍ ဤအစီရင်ခံစာသည် တရုတ်နိုင်ငံအတွင်း သတို့သမီး လိုအပ်ချက်သည် မြန်မာနိုင်ငံမှ အမျိုးသမီးများကို လူကုန်ကူးမှုဖြစ်စေသည့် အဓိက အကြောင်းအရင်းတရပ် ဖြစ်ပြီး မြန်မာနိုင်ငံတဝှမ်း မှ အမျိုးသမီးများသည် တရုတ်ဇနီးမယားများအဖြစ် အတင်းအဓမ္မ ရောင်းစားခံနေ ရကြောင်း ဖော်ထုတ်တင်ပြထား သည်။

၂၀၁၉ ခုနှစ်အထိ KWAT မှ ကူညီခဲ့သည့် တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံရသူအရေအတွက်မှာ ၃ ဆအထိမြင့် တက် မှုရှိခဲ့သည်။ ကိုဗစ် ၁၉- ကပ်ရောဂါဆိုးကြောင့် နယ်စပ်ဂိတ်များ ပိတ်ခြင်းနှင့် ခရီးသွားလာမှု ကန့်သတ်ချက် များအပြင် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ဆက်တွဲ ဖြစ်ပွားသည့် စစ်ပဋိပက္ခများကြောင့် ထို ကာလများတွင် တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ အတင်းအဓမ္မ လူကုန်ကူးခံရနှုန်းမှာ လျော့ကျမှုရှိခဲ့သော်လည်း ထိုအစား အမျိုးသမီးများသည် ရှမ်းပြည်အရှေ့မြောက်ရှိ တရုတ်ဦးစီးသည့် အွန်လိုင်းလိမ်လည်ဂိုဏ်းများရှိရာသို့ ရောင်းစားခံရမှု စတင်လာခဲ့သည်။

လွန်ခဲ့သော နှစ်များတွင် တရုတ်နိုင်ငံသို့ ဇနီးမယားအဖြစ် လူကုန်ကူးခံရသူအများစုမှာ ကချင် သို့မဟုတ် ရှမ်းပြည် မြောက်ပိုင်းမှ ဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် လူကုန်ကူးခံရသူများ၏ ထက်ဝက်ကျော်မှာ တရုတ်နိုင်ငံနှင့် နယ် နမိတ် ထိစပ်မှုမရှိသည့် ရန်ကုန်ကဲ့သို့သော အခြား မြန်မာနိုင်ငံဒေသအသီးသီးမှ အမျိုးသမီးများ ပါဝင်နေသည်ကို တွေ့ရသည်။

ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်းစားခံရသူ အမျိုးသမီးအများစုမှာ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတဝှမ်းတွင် ယခင် ဆယ်စုနှစ်ပေါင်းများစွာကတည်းက ကြီးထွားလာခဲ့သည့် လူမှောင်ခိုဂိုဏ်းများနှင့် ဆက်စပ်နေသော ၎င်းတို့၏ ဆွေမျိုး သားချင်းများ (သို့မဟုတ်) "အသိမိတ်ဆွေများ" မှတဆင့် တိုက်ရိုက် လူကိုယ်တိုင် စုဆောင်းခံရသူများ ဖြစ်ကြသည်။ လူကုန်ကူးသည့် ပွဲစားအများအပြားမှာ ၎င်းတို့ကိုယ်တိုင်လည်း ယခင်က တရုတ်နိုင်ငံသို့ ဇနီးမယားအဖြစ် ရောင်းစားခံ ရသူများဖြစ်သည်။

အမျိုးသမီးအများစုသည် တရုတ်နိုင်ငံရှိ စက်ရုံများ (သို့မဟုတ်) လယ်ယာများတွင် လစာကောင်းကောင်းဖြင့် အလုပ် ပေးမည်ဆိုကာ နယ်စပ်ဖြတ်ကျော်ရန် သွေးဆောင် ဖျားယောင်းခံပြီးနောက် ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်း စားခံနေ ရသည်။ တရုတ်နိုင်ငံအရှေ့ပိုင်း စက်မှုဇုံများ၏ အလုပ်သမားလိုအပ်ချက်များကို ဖြည့်ဆည်းရန် မြန်မာနိုင် ငံမှ အလုပ်သမားများ တရားမဝင် ခေါ်ယူမှု တိုးမြင့်နေသည့် အခြေအနေသည် လူကုန်ကူး သူများအတွက် အမျိုးသ မီးများကို အလွယ်တကူ ဖျားယောင်းသိမ်းသွင်းရန်နှင့် တရုတ်နိုင်ငံသို့ ရောက်နှင့်ပြီးသူများကို သားကောင်အဖြစ် အနိုင် ကျင့်ရန် အခွင့်အလမ်းတစ်ခု ဖြစ်စေခဲ့သည်။

အချို့အမျိုးသမီးများမှာမူ တရုတ်ဇနီးမယားအဖြစ် လက်ခံရန် ကနဦးတွင် သဘောတူခဲ့ကြသော်လည်း သတို့သမီး အတွက် ပေးရန် ကတိပြုထားသည့် ငွေကြေး (သို့မဟုတ်) အချိန်ကာလသတ်မှတ်ချက်များအရ လိမ်လည်ခံကြရသည်။

လူကုန်ကူး ရောင်းစားခံရသည့် အမျိုးသမီးများထဲမှ ၃ ပုံ ၁ ပုံသည် တရုတ်နိုင်ငံသို့ တရားဝင် နယ်စပ်ဂိတ်များမှတဆင့် ဖြတ်ကျော် ခဲ့ကြသော်လည်း ကျန်သူများအားလုံးမှာ တရားဝင်မဟုတ်သည့် လမ်းကြောင်းများမှတဆင့် ဖြတ်ကျော် လူကုန်ကူးခံရသူများ ဖြစ်ကြသည်။ တခါတရံတွင် တရုတ်နယ်စပ်တွင် ၎င်းတို့၏ လင်ယောကျ်ားဖြစ်မည့်သူနှင့် အရောင်း အဝယ် တခါတည်း လုပ်ကြသော်လည်း တခါတရံတွင် အမျိုးသမီးများသည် ရောင်းစားမခံရမီ တရုတ်နိုင်ငံ အတွင်းပိုင်း သို့ ကားဖြင့် မောင်းခိုကူးခံကြရကာ အများအားဖြင့် ယွမ် ၁ သောင်းမှ ယွမ် ၅ သိန်းအထိ ဈေးနှုန်း အမျိုးမျိုးဖြင့် ရောင်း စား ခံကြရသည်။

အမျိုးသမီးများကို ဇနီးမယားအဖြစ် ဝယ်ယူသည့် တရုတ် အမျိုးသား အများစုမှာ မိဘများနှင့် အတူနေထိုင်သည့် လယ်သမားများဖြစ်ကြပြီး ရောင်းစားခံရသူ အားလုံးနီးပါးမှာ ဆိုးဝါးစွာ အကြမ်းဖက် ပြုမူဆက်ဆံခံကြရသည်။ အမျိုး သမီး များသည် လှောင်ပိတ်ခံရခြင်း၊ အတင်းအဓမ္မ လိင်ဆက်ဆံခံရခြင်း၊ ရိုက်နှက်ခံရခြင်းတို့ ရင်ဆိုင်ကြရပြီး ပြန် လည် ခုခံပါက အခြားသော နည်းမျိုးစုံဖြင့်ပါ ညှဉ်းပမ်း နှိပ်စက်ခံရကြရသည်။ အမျိုးသမီး အများအပြားမှာ အသက် အန္တရာယ် စိုးရိမ်ရသည့် အခြေအနေထိတိုင်အောင်ထိခိုက်ဒဏ်ရာများ ရခဲ့ကြသည်။

ထိုသို့သော အခြေအနေမှ ထွက်ပြေးလွတ်မြောက်နိုင်သော အဓိက နည်းလမ်းတစ်ခုမှာ တရုတ်ရဲများထံသို့ ကိုယ်တိုင် အဖမ်းခံခြင်းဖြစ်သည်။ သို့သော်လည်း ထိုသို့ပြုလုပ်နိုင်သည့်သူများမှာ နှစ်ချီလှောင်ပိတ်ခံရသူများနှင့် ကလေးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ကလေးများကို မွေးဖွားပြီးမှသာ ပြုလုပ်နိုင်ကြသည်။

ရဲထံသို့ ကိုယ်တိုင်အဖမ်းခံပါက အများအားဖြင့် မြန်မာပြည်သို့ ပြန်ပို့ခံရနိုင်သော်လည်း အချို့အမျိုးသမီးများမှာ ၎င်းတို့ လင်ယောကျ်ားများထံသို့ ရဲများ၏ ပြန်ပို့ခြင်းခံကြရပြီး နောက်ပိုင်းမှသာ ပြန်လည်ထွက်ပြေးနိုင်ကြသည်။

ထွက်ပြေး လွတ်မြောက်နိုင်ရေး အတွက် အွန်လိုင်း သူငယ်ချင်းများ (သို့မဟုတ်) ပွဲစားဖြစ်သူများဆီသို့ ရောက်ရှိလာသူ အမျိုး သမီးအချို့မှာလည်း အကူအညီ မရပဲ အခြား တရုတ်ခင်ပွန်း ဖြစ်သူထံသို့ တဖန် ပြန်လည် ရောင်းစားခံကြ ရသည်။

အမျိုးသမီးများအား မြန်မာနယ်စပ်သို့ ပြန်လည်မပို့ဆောင်မီ တရုတ်ရဲများက ရဲစခန်း၊ ထောင်၊ ဘိုးဘွားရိပ်သာ (သို့မ ဟုတ်) လူငယ်ထိန်းသိမ်းရေးစင်တာများတွင် ရက်အနည်းငယ်မှ ၁ နှစ်အထိ ထိန်းသိမ်းခဲ့သည်။ အံ့သြဖွယ်ရာမှာ အမျိုးသမီး ၃ ဦးအား စိတ်ရောဂါကုဆေးရုံများတွင် ထားရှိခဲ့ပြီး ထိုအထဲမှ Anhui ပြည်နယ်ရှိ စိတ်ရောဂါကုဆေးရုံ တွင် ၁ နှစ်ကြာ ထိန်းသိမ်းခံရသည့် အသက် ၁၃ နှစ်အရွယ် အမျိုးသမီးငယ်မှာ အခြား လူနာ ၁ ဦး၏ လည်ပင်းညှစ် သတ်မှုကြောင့် သေလုမျောပါး ဖြစ်ခဲ့ရသည်။

တရုတ်လင်ယောကျ်ားများနှင့် ၎င်းတို့၏ မိသားစုဝင်များက အတင်းအဓမ္မ လက်ထပ်ထားသည့် ဇနီးမယားများအပေါ်

လူမဆန်စွာ ရက်စက်သည့် ဆက်ဆံမှုသည် တရုတ်လူ့အဖွဲ့အစည်းအတွင်း ဖိုဝါဒကြီးစိုးသည့်စနစ်မှာ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေဆဲဖြစ်သည်ကို စိုးရိမ်ဖွယ် သက်သေပြနေသည်။ ဤအချက်ကို ဒေသခံပြည်သူများက ၎င်းတို့၏ အိမ်နီးနားချင်းများမှ ရောင်းစားခံရသည့် ဇနီးမယားများအပေါ် ရက်စက်စွာ ပြုမူဆက်ဆံနေသည်ကို ဝင်ရောက် တားဆီးခြင်း စိုးစဉ်းမျှ မရှိသည်ကို ကြည့်ခြင်းအားဖြင့်လည်း ထင်ရှားစွာ တွေ့မြင်နိုင်သည်။

တရုတ်နိုင်ငံ ပြည်နယ် အသီးသီးရှိ တရုတ်လင်ယောကျ်ားများသည် အထောက်အထားမရှိသည့် ၎င်းတို့ဝယ်ယူထားသော ဇနီးမယားများအတွက် ဒေသအတွင်း ကျန်းမာရေးဌာနများတွင် ဆေးဝါးကုသမှုခံယူနိုင်အောင် စီစဉ်ပေးနိုင်ခြင်း၊ ၎င်းတို့၏ သားသမီးများကိုလည်း တရုတ်နိုင်ငံသားအဖြစ် မှတ်ပုံတင်နိုင်ခြင်းတို့ကို ကြည့်ခြင်းအားဖြင့် ဒေသခံ အာဏာပိုင်များသည် နိုင်ငံခြား ဇနီးမယားများအား အတင်းအဓမ္မ ကုန်ကူးမှုကို မမြင်ချင်ယောင်ဆောင်ခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်သဖွယ် ဖြစ်နေကြောင်း ပြသနေသည်။

တရုတ်နိုင်ငံအတွင်း သတို့သမီးလိုအပ်ချက် ဆက်လက်တည်ရှိနေခြင်း၊ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းပြီး နောက်ပိုင်း စီးပွားရေးပြိုလဲမှုနှင့် စစ်ပဋိပက္ခ ပျံ့နှံ့ဖြစ်ပွားလာမှုကြောင့် မြန်မာနိုင်ငံ လူဦးရေအတွင်း ပိုမို ဆင်းရဲ ငတ်မွတ် လာခြင်းတို့ကြောင့် မရိုးသားသည့် လူကုန်ကူးသူများလက်ထဲသို့ ရောက်ရှိသွားကာ လူမသိသေးသည့် ညှဉ်းပမ်းနှိပ်စက်မှုများကို နောက်ထပ်ပို၍ အမျိုးသမီးအမြောက်အမြား ရင်ဆိုင်ခံစားကြရမည်မှာ အသေအချာပင် ဖြစ်သည်။

ရှင်းလင်းသည့် အချက်တစ်ခုမှာ လူကုန်ကူးမှုပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံ မှ ရွှေ့ပြောင်းလာရခြင်း၏ အဓိက အခြေခံအရင်းအမြစ်ကို ဖြေရှင်းရန်လိုအပ်သည်မှာ ထင်ရှားသည်။ ထိုသို့ ဖြေရှင်းနိုင်ရန်အတွက် စစ်အာဏာရှင်စနစ် အဆုံးသတ်ရေးနှင့် သာတူညီမျှပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံ သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရေးမှာ အရေးကြီးလိုအပ်ပါသည်။

သို့သော်လည်း လက်ရှိအချိန်တွင် တရုတ်အစိုးရအနေဖြင့် နိုင်ငံခြားမှ ဇနီးမယားများကို အတင်းအဓမ္မကုန်ကူးခြင်းကို တိုက်ဖျက်တားဆီးရန်အတွက် ပြင်းထန်သော အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်နှင့် နိုင်ငံခြားမှ လူကုန်ကူးခံရသူများ ကို ကူညီပေးသည့် ရဲလုပ်ထုံးလုပ်နည်းများကို တိုးတက်အောင် ပြုလုပ်ရန် မိမိတို့မှ တိုက်တွန်း အပ်ပါသည်။

တရုတ်အစိုးရအနေဖြင့် နိုင်ငံအတွင်းမှ နိုင်ငံခြားလုပ်သားများ လိုအပ်သည့် နေရာဒေသအားလုံးသို့ မြန်မာနိုင်ငံသားများ တရားဝင် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်စေရန် လွယ်ကူလျင်မြန်သော လမ်းကြောင်းများကို အမြန်ဆုံးဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာ ခေါင်းပုံဖြတ်မှုနှင့် လူကုန်ကူးမှုတို့၏ သားကောင်းဖြစ်စေနိုင်သည့် မသမာသော လူမှောင်ခို ဂိုဏ်းများအပေါ် အမျိုးသမီးများအနေဖြင့် အားကိုးအားထားပြုရန် မလိုအပ်တော့ပေ။

ဒေသခံ လူမှုပတ်ဝန်းကျင်နှင့် ဒေသခံအာဏာပိုင်များ၏ ဤပြဿနာရပ်များအပေါ် မျက်ကွယ်ပြုနေမှုမှ ရပ်တန့်ရန် တရုတ်အစိုးရအနေဖြင့် ဇနီးမယားအဖြစ် လူကုန်ကူးခံရသူ အမျိုးသမီးများ၏ ဆင်းရဲဒုက္ခများအကြောင်း အများပြည်သူ အကြား အသိပညာပေးမှုများ ပြုလုပ်သင့်သည်။

ယခုအခါ တရုတ်နယ်စပ်တလျှောက်ရှိ မြန်မာနိုင်ငံ ဒေသအများစုမှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီဖြစ်သည်။ ထို့ကြောင့် လူကုန်ကူးခံရ သူများအား ထိုထိန်းချုပ်နယ်မြေများသို့ ပြန်လည်ပို့ဆောင်သည့်အခါ တရုတ်ရဲများအား EROs များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခွင့်အာဏာပေးရန် လည်း တရုတ်အစိုးရအား တိုက်တွန်းပါသည်။

ထို့ပြင် EROs များ၊ အထူးသဖြင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) အနေဖြင့် လူကုန်ကူးသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန်နှင့် ၎င်းတို့နယ်မြေများအတွင်းရှိ အတင်းအဓမ္မခိုင်းစေမှုကို ကျင့်သုံးနေ သည့် မည်သည့်စီးပွားရေးလုပ်ငန်းကိုမဆို ပိတ်သိမ်းပစ်ရန်လည်း မိမိတို့မှ တိုက်တွန်းပါသည်။

# နိဒါန်း


၂၀၀၅ ခုနှစ်တွင် KWAT မှ "Driven Away" အမည်ရသည့် တရုတ်နိုင်ငံသို့ ဇနီးမယားအဖြစ် အတင်းအဓမ္မရောင်းစားရန် ကချင်အမျိုးသမီးများကို ကုန်ကူးခြင်းဆိုင်ရာ ပထမဆုံး အစီရင်ခံစာ ထုတ်ဝေခဲ့ချိန်မှစ၍ KWAT သည် လူကုန်ကူးမှုကို တားဆီးရန်တွက် လူကုန်ကူးခံရသူများကို ကူညီရန်နှင့် လူထုအသိပညာပေးလုပ်ငန်းများကို လုပ်ဆောင် ရန်အတွက် တရုတ်-မြန်မာနယ်စပ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီအစဉ်တစ်ခုကို ဆောင်ရွက်လျှက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် မိမိတို့၏ ဝန်ဆောင်မှုများကို လာရောက်ရယူသည့် လူကုန်ကူးခံရသူ အရေအတွက်မှာ သိသိသာသာ မြင့်တက်ခဲ့သည်။ ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ကိုဗစ်ကပ်ရောဂါနှင့် ပဋိပက္ခနှင့်စပ်လျဉ်း၍ နယ်စပ်ပိတ် မှုများကြောင့် အရေအတွက် သိသိသာသာ ကျဆင်းသွားသော်လည်း ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံတွင် အလုပ်အကိုင် ရှာဖွေချင်သည့် မြန်မာနိုင်ငံအရပ် ရပ်မှ လူများ တဖန်များပြားလာသောကြောင့် အရေအတွက် ပြန်လည်မြင့်တက်လာခဲ့သည်။

မိမိတို့မှတ်တမ်းပြုစုထားသည့် အချက်အလက်များအရ လူကုန်ကူးမှုပုံစံများ ပြောင်းလဲလာသည်ကို တွေ့မြင်ရသဖြင့် ဤအချက်အလက်များကို စုစည်းလေ့လာသုံးသပ်၍ အစီရင်ခံစာအဖြစ် ထုတ်ပြန်ကာ လူထုအတွင်း အသိပညာပေးရေးနှင့် လူကုန်ကူးမှုပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် မူဝါဒ ဖွံ့ဖြိုး တိုးတက် မှုများ လုပ်ဆောင်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရာတွင် အသုံးဝင်မည်ဟု မိမိတို့ ယူဆပါသည်။

ဤအစီရင်ခံစာကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း KWAT မှ ကူညီထောက်ပံ့ခဲ့သော လူကုန်ကူးခံရသူ အမျိုးသမီး ၁၈၇ ဦးနှင့် တွေ့ဆုံမေးမြန်းထားသော အချက်အလက်များကို အသုံးပြု၍ ပြုစုရေးသားထားပါသည်။

လူကုန်ကူးမှုပုံစံများ - ၂၀၁၉ မှ ၂၀၂၃ ခုနှစ်




၂၀၁၉ ခုနှစ်တွင် KWAT မှ တရုတ်နိုင်ငံသို့ လူကုန်ကူးခံရမှုမှ ထွက်ပြေးလွတ်မြောက်လာသူ (သို့မဟုတ်) ကယ်ဆယ်ခံရသူ အမျိုးသမီး ၁၀၉ ဦးကို ကူညီပေးခဲ့သည်။ ဤအရေအတွက်သည် ၂၀၁၈ ခုနှစ်တွင် ကူညီခဲ့သော အရေအတွက်၏ ၃ ဆနီးပါးဖြစ်သည်။

၂၀၂၀ ခုနှစ် မတ်လတွင် ကိုဗစ် ၁၉ အသွားအလာကန့်သတ်မှုများ (lockdown) နှင့် တရုတ်နယ်စပ်ဂိတ်များအားလုံး ပိတ် ပစ်မှုကြောင့် ၂၀၂၀ ခုနှစ်တွင် ကူညီပေးရသည့် လူကုန်ကူးမှုမှ လွတ်မြောက်လာသူ အရေအတွက်မှာ ၃၄ ဦး အထိ လျော့ကျခဲ့သည်။ ထိုထဲမှ လွတ်မြောက်လာသူအများစုမှာ နှစ်ဦးပိုင်းကာလတွင် ကူညီပေးခဲ့ရသူများဖြစ်ကြသည်။

၂၀၂၁ ခုနှစ်တွင် နယ်စပ်ဂိတ်များ ဆက်လက်ပိတ်ထားမှုကြောင့် အရေအတွက်မှာ ၁၉ အထိ ဆက်လက်ကျဆင်းခဲ့သည်။ ထိုကာလအတွင်း ကူညီပေးခဲ့ရသူအများစုမှာ ကိုဗစ်ကန့်သတ်မှုမတိုင်ခင်ကတည်းက ကုန်ကူးခံရသူများဖြစ်ပြီး တရုတ် ရဲတပ်ဖွဲ့မှ ပြန်လည်ပို့ဆောင်ခဲ့သော လွတ်မြောက်လာသူများဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ကုန်ကူးခံရမှုမှ လွတ်မြောက်လာသူ ၃ ဦးကိုသာ ကူညီပေးခဲ့ရသော်လည်း KWAT သည် ရှမ်းပြည်မြောက်ပိုင်းရှိ တရုတ်ရာဇဝတ်သားများ လုပ်ကိုင်သော အွန်လိုင်းလိမ်လည်ဂိုဏ်းသို့ ကုန်ကူးခံရမှုမှ လွတ် မြောက်လာသော အမျိုးသမီးများကို အကူအညီပေးမှု စတင်လုပ်ဆောင်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ ဇန်နဝါရီလတွင် နယ်စပ်ဂိတ်များကို တရားဝင်ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း မြန်မာနိုင်ငံ အတွင်း ကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများကို အကူအညီပေးခဲ့ရသည့် အရေအတွက်သည် တရုတ်နိုင်ငံသို့ ကုန်ကူးခံရမှုမှ လွတ်မြောက်လာသူထက် ပိုများနေဆဲဖြစ်သည်။

# မြန်မာနိုင်ငံမှ လူကုန်ကူးမှုကို တွန်းပို့နေသော အကြောင်းရင်းများ

၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် "ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ခံရခြင်း" အမည်ရှိ အစီရင်ခံစာတွင် ၂၀၁၁ ခုနှစ် ကချင်ပြည်နယ်တွင် အသစ်ပြန်လည်ဖြစ်ပွားခဲ့သည့် စစ်ပွဲသည် တရုတ်နိုင်ငံသို့ ကချင်အမျိုးသမီးများအား ကုန်ကူးမှုကို မည်သို့ တွန်းအားပေးလှုံ့ဆော်ခဲ့သည်ဆိုသည်ကို မှတ်တမ်းတင်ခဲ့ရာတွင် လူကုန်ကူးမှုကို တွန်းပို့နေသော အကြောင်းရင်း များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

*"ဖိနှိပ်ချုပ်ချယ်သော နိုင်ငံတော်မူဝါဒများကြောင့် ပြည်သူအများစုမှာ ဆင်းရဲတွင်းနက်ခဲ့ကြရသည်။ ကြီးမားသည့် သဘာဝသယံဇာတထုတ်ယူမှု စီမံကိန်းများ၊ အထူးသဖြင့် စစ်တပ်နှင့် အစိုးရခရိုနီများ ပူးပေါင်းလုပ်ဆောင်သည့် ကြီးမားသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ ကြီးမားသည့် ဆည်တည်ဆောက်မှုစီမံကိန်းများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ ကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့နေထိုင်ရာ နယ်မြေမှ အဓမ္မပြောင်းရွှေ့ခံကြရပြီး ၎င်းတို့၏ အသက်မွေးဝမ်း ကျောင်းမှု လုပ်ငန်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထိုစီမံကိန်းများမှ ရရှိသည့် တိုင်းပြည်ဘဏ္ဍာငွေများကိုလည်း ပြည်သူ များ၏ ကျန်းမာရေး၊ ပညာရေးအတွက် အသုံးမပြုပဲ စစ်တပ်အသုံးစရိတ်အတွက်သာ အဓိက အသုံးပြုခဲ့သည်။ ဤကဲ့ သို့ ဆိုးဝါးလှသည့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့် နိုင်ငံတွင်း ငွေကြေးဖောင်းပွမှုနှင့် အလုပ်လက်မဲ့နှုန်း မြင့်မားမှုကို ဖြစ်စေခဲ့သည်။ အလုပ်မဲ့ခြင်း၊ မြေယာမဲ့ခြင်းနှင့် ကုန်ဈေးနှုန်းအဆမတန် ကြီးမားခြင်းကြောင့် ပြည်သူများ သည် တရုတ်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန် ရွှေ့ပြောင်းခဲ့ကြသည်........*

*မြန်မာစစ်တပ်မှ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ကို ထိုးစစ်ဆင်တိုက်ခိုက်နေသည်မှာ ဇွန်လ ၂၀၁၁ ကတည်း မှ ဖြစ်ပြီး များပြားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် အထူးသဖြင့် ကချင်ပြည်နယ် အရှေ့ဖျားပိုင်းရှိ ဒေသခံ ရွာသား ၁ သိန်းကျော်မှာ နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ ထိုဒုက္ခသည်အများစုမှာ တရုတ် နယ်စပ်တ လျှောက်ရှိ လူဦးရေထူထပ်လှပြီး နိုင်ငံတကာမှ အကူအညီအထောက်အပံ့ မရှိသလောက်နည်းပါးသည့် စစ်ရှောစခန်း များ (IDP camps) သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဝင်ငွေရရှိရေးအတွက် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် တရုတ်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်ရန်အတွက် တရားဝင်သွားရောက်နိုင်သည့် နည်းလမ်းမရှိသဖြင့် အများစုမှာ နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ကြရလေသည်။"*

ဤဖော်ပြချက်သည် ယနေ့အချိန်အထိ အံဝင်ခွင်ကျ ရှိနေဆဲဖြစ်သည်။ တခုတည်းသော ခြားနားချက်မှာ လက်နက်ကိုင် ပဋိပက္ခများ ပိုမိုပြင်းထန်လာပြီး သယံဇာတ ထုတ်ယူမှုပိုမိုကျယ်ပြန့်လာခြင်းပင်ဖြစ်သည်။ အထူးသဖြင့် တရုတ်ဈေး ကွက်အတွက် ရွှေနှင့် မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်အောက်နှင့် ၂၀၂၁ ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းရန် ကြိုးပမ်းခဲ့ချိန်နောက်ပိုင်း စစ်အစိုးရ လက်အောက် နှစ်ခုလုံးတွင် သယံဇာတထုတ်ယူမှုမှာ ပိုမိုကျယ်ပြန့်ခဲ့သည်။

ကချင်မိသားစုများသည် ဆင်းရဲတွင်းထဲ ပိုမိုနစ်မြုပ်လာသည့်နှင့်အမျှ အမျိုးသမီးများ၏ အခန်းကဏ္ဍကို မိသားစုပြုစု စောင့်ရှောက်သူ များအဖြစ် သတ်မှတ်ထားသည့် ရှေးရိုးစွဲ ဖိုဝါဒကြီးစိုးမှု စံနှုန်းများသည် စစ်ပွဲနှင့် မူးယစ်ဆေး သုံးစွဲမှုကြောင့် အမျိုးသားများဆုံးရှုံးပြီး မိသားစုဝန်ထုပ်ဝန်ပိုးများ ပိုမိုတိုးလာသည့် သမီးမိန်းကလေးများနှင့် မိခင်များကို မိသားစု ထောက်ပံ့နိုင်ရေးအတွက် အလုပ်ရှာဖွေရန် ရွှေ့ပြောင်းသွားလာမှုကို အတင်းအကြပ် ဆက်လက်တွန်းအား ပေးနေခဲ့သည်။

အဓိက အပြောင်းအလဲမှာ ပြီးခဲ့သည့် နှစ်များအတွင်း တရုတ်နိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် ရွှေ့ပြောင်းလာသော မြန်မာနိုင်ငံ အရပ်ဒေသ အသီးသီးမှ အမျိုးသမီးဦးရေ ပိုမိုတိုးလာခြင်းပင်ဖြစ်သည်။ ဤအမျိုးသမီးများ အားလုံးသည် ကျေးလက် (သို့မဟုတ်) ဆင်းရဲသော မြို့ပြဒေသမှဖြစ်ပြီး ၎င်းတို့ နေရာတွင်ရှိနေသည့် လစာနည်းသော အလုပ်မှာ ၎င်းတို့၏ မိသားစုကို ထောက်ပံ့ရန် လုံလောက်သော ဝင်ငွေ မရရှိကြပေ။ အမျိုးသမီးအများအပြားသည် ရန်ကုန်မြို့ရှိ စက်ရုံများတွင် လုပ်ခဲ့သူများဖြစ်ကြသော်လည်း အကယ်၍ ၎င်းတို့ (သို့မဟုတ်) ၎င်းတို့မိသားစုဝင်များ အရေးပေါ် ကျန်းမာရေးပြဿနာရှိပါက နည်းပါးလှသော ထိုလုပ်ခလစာဖြင့် အသက်ရှင်ရပ်တည်ရန် မဖြစ်နိုင်ကြပေ။

# တရုတ်နိုင်ငံမှ လူကုန်ကူးမှုကို ဆွဲဆောင်နေသော အကြောင်းရင်းများ

၁၉၈၀ မှ ၂၀၁၅ ခုနှစ်အထိ အကောင်ထည်ဖော်ခဲ့သည့် တရုတ်နိုင်ငံ၏ ယခင် တအိမ်ထောင် ကလေးတယောက် ပေါ်လစီသည် မြန်မာနိုင်ငံမှ သတို့သမီးများ ဆက်လက်လိုအပ်နေသည့် အဓိက အကြောင်းရင်းဖြစ်သည်။ သားများသာ လိုလား သည့် နက်ရှိုင်းစွာအမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးမှုသည် ထိုအချိန်အတွင်း အမျိုးသမီးများအကြား ကိုယ်ဝန်ဖျက်ချမှု ကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေခဲ့သောကြောင့် အမျိုးသမီးဦးရေထက် အမျိုးသားဦးရေ ပိုများသော လူဦးရေ အချိုးစား မညီမျှမှုကို အကြီးအကျယ် ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၄ ခုနှစ်အစပိုင်းတွင် တရုတ်နိုင်ငံ၏ နိုင်ငံတော်စစ်တမ်း (National Bureau of Statistics) အရ တရုတ်နိုင်ငံတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ၃၀.၉၇ သန်း ပိုများကြောင်း ဖော်ပြထားသည်။[1] ၂၀၁၆ ခုနှစ်တွင် ကလေး ၂ ဦး ယူခွင့်ပြုသည့် မူဝါဒကို ပြောင်းလဲခဲ့ ပြီး ၂၀၂၁ ခုနှစ်တွင် ကလေး ၃ ဦး အထိ ခွင့်ပြုလိုက်သော်လည်း ကျား၊ မ မညီမျှမှုကို ဖြေရှင်းရန် ဆယ်စုနှစ်များစွာ ကြာဦးမည်ဖြစ်သည်။[2]

တရုတ်နိုင်ငံတွင်း အမျိုးသမီးများသည် မြို့ပြများတွင် အလုပ်လုပ်ကိုင်ရန် ရွှေ့ပြောင်းသွားကြသောကြောင့် သတို့သမီးရှားပါးမှု အသက်ရောက်ဆုံးနေရာမှာ ကျေးလက်ဒေသများဖြစ်သည်။[3] အမျိုးသားများ၏ အိမ်ထောင်ပြုလိုသည့် စိတ်ဆန္ဒအပြင် ၎င်းတို့၏ မိသားစုမျိုးဆက်တည်မြဲရေးအတွက် မိဘများ၏ အပူတပြင်း ဖိအားများကြောင့်

1 https://www.globaltimes.cn/page/202401/1305550.shtml#:~:text=The%20natural%20population%20growth%20ra te,104.49%20(per%20100%20females).

2 https://www.globaltimes.cn/content/1209713.shtml

3 https://www.thinkchina.sg/society/when-millions-rural-chinese-men-are-desperate-wife

သတို့သမီး လိုအပ်ချက်ကို ပိုမိုမြင့်မားစေသည်။

မြန်မာနိုင်ငံမှ အမျိုးသမီးများကို တရုတ်နိုင်ငံတွင် ဇနီးမယားများအဖြစ် ရောင်းစားမှုသည် နှစ် ၂၀ ကျော်ကြာမြင့်နေပြီ ဆိုသည့်အချက်သည် ယခုအခါ တရုတ်၊ မြန်မာ နှစ်နိုင်ငံအတွင်း လူကုန်ကူးမှုကို လွယ်ကူစေသည့် ကျယ်ပြန့်သည့် ကွန်ယက်များ အခိုင်အမာ တည်ရှိနေပြီဖြစ်ကြောင်း ပြသနေခြင်းပင် ဖြစ်သည်။ မကြာသေးမီကာလအတွင်း နှစ်နိုင်ငံလုံး တွင် Smart ဖုန်းများ အသုံးပြုမှု တွင်ကျယ်လာခြင်းသည်လည်း လူကုန်ကူးမှု အရောင်းအဝယ်လုပ်ငန်းများကို ပိုမိုမြန်ဆန်လွယ်ကူစေခဲ့သည်။

လူကုန်ကူးမှုကို တွန်းအားပေးသည့် နောက်ထပ် အချက်တစ်ခုမှာ လတ်တလောနှစ်များအတွင်း တရုတ်နိုင်ငံအရှေ့ပိုင်း စက်မှုဇုံများတွင် အလုပ်သမားလိုအပ်ချက် တိုးမြင့်လာခြင်းပင်ဖြစ်သည်။ တရုတ်အရှေ့ပိုင်းဒေသ၊ အထူးသဖြင့် Guangzhou သို့ မြန်မာနိုင်ငံမှ အလုပ်သမား အများအပြား စီးသွင်းခဲ့ကြရသည်။ ဤကဲ့သို့ အလုပ်သမား စီးဆင်းမှုကို တရုတ်အစိုးရမှ တရားဝင်လုပ်ဆောင်ခြင်း မရှိသောကြောင့် မြန်မာနိုင်ငံမှ အလုပ်သမားများသည် ခေါင်းပုံဖြတ်မှုများကို အဆိုးဝါးဆုံး ရင်ဆိုင်နေကြရသည်။ လက်ရှိ လူကုန်ကူးမှုကွန်ရက်များကလည်း စက်ရုံ အလုပ်သမားစုဆောင်းမှုကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြသည်။ အဆိုပါ အလုပ်သမားများထဲမှ အမျိုးသမီးငယ်များမှာ ဇနီးမယားအဖြစ် ရောင်းစားခံရမှု အန္တရာယ် ပိုများလာသည်။

# ရှမ်းပြည်နယ်မြောက်ပိုင်းမှ လူကုန်ကူးမှုကို ဆွဲဆောင်နေသော အကြောင်းရင်းများ

ဆယ်စုနှစ်များစွာ တရုတ်ရင်းနှီးမြှုပ်နှံသူများသည် တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများနှင့် မြန်မာစစ်တပ် လက်အောက်ခံ ပြည်သူ့စစ်များထိန်းချုပ်ထားသော ရှမ်းပြည်နယ် အရှေ့မြောက် နယ်စပ်ဒေသများတွင် တရုတ်လောင်းကစားသမားများကို ဧည့်ခံရန် ဟော်တယ်နှင့် ဖျော်ဖြေရေးအဆောက်အအုံများနှင့်တွဲကာ ကာစီနို လောင်းကစား ရုံများကို လည်ပတ်လျက်ရှိသည်။ ၂၀၂၀ ခုနှစ် ကိုဗစ်ကြောင့် နယ်စပ်လမ်းပိတ်ဆို့ပြီးနောက် အဆိုပါစီးပွားရေး လုပ်ငန်းရှင်များသည် အွန်လိုင်းလောင်းကစား ဝန်ဆောင်မှုများပေးရန် စတင်အာရုံစိုက်လာကြသည်။ ဤအခြေအနေသည် ရှိနေပြီးသား အဆောက်အုံများနှင့် ကျွမ်းကျင်မှုများကို အသုံးချကာ ကိုဗစ်ပိတ်ဆို့မှုကာလအတွင်း အွန်လိုင်းလိမ်လည်မှုကို အရှိန်အဟုန်ဖြင့် အခွင့်ကောင်းယူလုပ်ဆောင်ရန် ၎င်းတို့အတွက် ရေကန်အသင့် ကြာအသင့် အနေအထားကို ဖြစ်စေခဲ့သည်။


ကိုးကန့်နှင့် ဂနယ်စပ်ဒေသများတွင် ထောင်နှင့်ချီသော တရုတ်လိမ်လည်သူများကို ဝန်ဆောင်မှုပေးရန် လိမ်လည်မှုနှင့် ဖျော်ဖြေရေးစခန်းအသစ်များကို တည်ဆောက်ခဲ့ပြီး ထိုအတွက် အလုပ်သမားလိုအပ်ချက်များ ထွက်ပေါ်လာသည်။ ပြည်ပနိုင်ငံများမှ သားကောင်များကို ပစ်မှတ်ထားရန် နိုင်ငံခြားဘာသာစကားပြောသည့် လိမ်လည်သူများနှင့် တရုတ် လိမ်လည်သူများအတွက် လိင်ဝန်ဆောင်မှုပေးရန် အမျိုးသမီးများ လိုအပ်လာသည်။ မြန်မာနိုင်ငံ အရပ်ရပ်မှ

လူငယ် လူရွယ် အများအပြားသည် အဆိုပါဒေသများတွင် လစာကောင်းသည့် အလုပ်အကိုင်ကမ်းလှမ်းမှုများဖြင့် သွေးဆောင် ဖြားယောင်းခံခဲ့ကြရပြီး နောက်ဆုံးတွင် လိင်ကျွန်များ (သို့မဟုတ်) လိမ်လည်သူများအဖြစ် ဖမ်းဆီးထိန်း ချုပ်ခံရမှုဖြင့်သာ အဆုံးသတ်ခဲ့ကြရသည်။

လူကုန်ကူးခံရသူများ၏ ကိုယ်ရေးအကျဉ်း

အသက်အရွယ်

လူကုန်ကူးခံရသူများ၏ သုံးပုံနှစ်ပုံကျော်သည် အသက် ၁၈ နှစ်မှ ၃၀ ကြား ရှိကြောင်း ဂရက်ဖ်တွင် ပြသထားသည်။




ကျန်သည့် တဝက်မှာ အသက် ၁၈ နှစ်အောက်ဖြစ်ပြီး နောက်တဝက်မှာ အသက် ၃၀ အထက်အရွယ်များ ဖြစ်ကြ သည်။

အဆိုပါ ဂရပ်ဖ်တွင် ဖော်ပြထားသော အသက်အရွယ်သည် လူကုန်ကူးသည့် အချိန်ထက် တွေ့ဆုံမေးမြန်သည့် အချိန် တွင် ရှိသော အသက်အရွယ်များဖြစ်ပြီး ၎င်းတို့သည် တရုတ်နိုင်ငံတွင် နှစ်အတော်ကြာ လူကုန်ကူးခံခဲ့ရပြီးနောက် ထွက်ပြေး လွတ်မြောက်လာသူများဖြစ်၍ လူကုန်ကူးခံရချိန်တွင် ပို၍ အသက်ငယ်ရွယ်သူများဖြစ်ကြသည်။

၁၈ နှစ်အောက်မိန်းကလေးငယ်များ

အသက် ၁၈ နှစ်အောက်အရွယ် လူကုန်ကူးခံရသူ ၃၁ ဦးအနက် သုံးပုံနှစ်ပုံမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း မှဖြစ်ပြီး ကျန်သုံးပုံတစ်ပုံ၏ အားလုံးနီးပါးမှာ ရန်ကုန်မှ ဗမာများဖြစ်ကြသည်။

မြန်မာပြည် မြောက်ပိုင်းမှ အားလုံးနီးပါးမှာ ဆင်းရဲနွမ်းပါးသော မိသားစုမှ ဖြစ်ကြပြီး ၎င်းတို့၏ မိသားစုကို ကူညီ ထောက်ပံ့ရန် ကျောင်းထွက်ထားသော မိန်းကလေးငယ်များဖြစ်ကြသည်။ အများအားဖြင့် ဆင်းရဲမွဲတေမှုသည် ကျောင်း

ထွက်ရခြင်း၏ အဓိက အကြောင်းရင်းဖြစ်သော်လည်း ကိုဗစ်ကာလအတွင်း ကျောင်းများပိတ်ခြင်းသည် အချို့ ကချင်မိန်းကလေးငယ်များ လူကုန်ကူးခံရမှုကို ဖြစ်စေခဲ့သည်။

ရန်ကုန်မှလာသူအများစုမှာ ပြိုကွဲနေသော မိသားစုမှ လာကြပြီး ပွဲစားများ ချဉ်းကပ်ချိန်တွင် လုပ်ခလစာ အလွန်နည်း သည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေပြီးသားသူများ ဖြစ်ကြသည်။ ထိုထဲမှာ နှစ်ဦးမှာ ၎င်းတို့ရည်းစားကိုယ်တိုင် တရုတ် နိုင်ငံသို့ ခရီးထွက်ရန် လှည့်စားခံရသူများဖြစ်ကြသည်။ နောက်ထပ်အမှုတစ်ခုမှာ ဒလဘက်တွင် ငွေတိုးချေးစားသော မိခင်ကိုယ်တိုင် ၎င်း၏ သမီးကို တရုတ်နိုင်ငံတွင် ဇနီးမယားအဖြစ် ရောင်းစားရန် စီစဉ်ခဲ့သော အမှုဖြစ်သည်။

နောက်ထပ် တစ်မှုမှာ လူကုန်ကူးမှုသည် မျိုးဆက်တစ်ခုပြီးတခု မည်သို့ ဆင့်ကဲ ဖြစ်ပွားနေသည်ကို ပြသနေသည်။ တောင်ဒဂုံမှ ဆယ်ကျော်သက် မိန်းကလေးငယ်တစ်ဦးသည် သူမဖခင်ကို ထားခဲ့ကာ တရုတ်အမျိုးသားတစ်ဦးနှင့် လက်ထပ်သွားခဲ့သည့် သူမမိခင်ကို ပြန်တွေ့နိုင်မည်ဟု ယုံကြည်ကာ တရုတ်နိုင်ငံသို့ သွားစဉ် လူကုန်ကူးခံခဲ့ရသည်။ ပွဲစားသည် မိခင်ဖြစ်သူထံမှ ယွမ် ၁ သောင်း ယူခဲ့သော်လည်း မိန်းကလေးငယ်အား Henan ခရိုင်ရှိ တရုတ်အမျိုးသား တစ်ဦးထံ ရောင်းစားခဲ့သည်။ ထိုမိန်းကလေးငယ်သည် ထွက်ပြေးလွတ်မြောက်ပြီး မြန်မာနိုင်ငံသို့ မပြန်ရောက်မီ ၆ လကြာ ပြင်းထန်သည့် ကိုယ်ထိလက်ရောက် နှိပ်စက်မှုကို ခံခဲ့ရသည်။ သူမမိခင်ဖြစ်သူမှာ ခရီးစရိတ် ပြန်ပေးမည်ဟု ပြောခဲ့သော်လည်း မိန်းကလေးငယ်သည် တရုတ်နိုင်ငံကို ပြန်သွားရန် စိတ်ဒဏ်ရာ ကြီးမားစွာ ရခဲ့သည်။

အိမ်ထောင်ရေး

လူကုန်ကူးခံရသူများ၏ ထက်ဝက်ကျော်မှာ အိမ်ထောင်ရှိသူများဖြစ်ပြီး အိမ်ထောင်သည် သုံးပုံနှစ်ပုံမှာ သားသမီးရှိသူ များဖြစ်သည်။ အိမ်ထောင်သည်အမျိုးသမီး အများစုသည် အများအားဖြင့် မူးယစ်ဆေးနှင့် အရက်သေစာ သုံးစွဲမှုနှင့် ပတ်သက်၍ ၎င်းတို့၏ လင်ယောကျ်ားများနှင့် အဆင်မပြေသည့်သူများဖြစ်ပြီး အချို့မှာ အိမ်ထောင်ကွဲသူများနှင့် အချို့ မှာ မုဆိုးမများဖြစ်ကြသည်။

ကလေးရှိသည့် အမျိုးသမီးများသည် အများအားဖြင့် အလုပ်ရှာဖွေရန် ရွှေ့ပြောင်းလာစဉ် ၎င်းတို့၏ သားသမီးများကို ဆွေမျိုးများနှင့် ချန်ထားခဲ့ကြသည်။ သို့သော်လည်း အချို့သော အမျိုးသမီးအနည်းစုမှာ တရုတ်နိုင်သို့ လာချိန်တွင် ၎င်းတို့၏ ကလေးငယ်များကို ခေါ်လာကြပြီး ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်းစားခံရချိန်တွင်လည်း ၎င်းတို့၏ ကလေးငယ်များကို ၎င်းတို့နှင့် အတူခေါ်လာကြသည်။ ဥပမာအားဖြင့် သမီးငယ်တစ်ဦးရှိသော ကချင်အမျိုးသမီးတစ်ဦး သည် Shandong ရှိ တရုတ်အမျိုးသားကို လက်ထပ်ရန် သူမ၏ သမီးငယ်နှင့်အတူ လူကုန်ကူးခံခဲ့ရပြီးထို အမျိုးသားနှင့် ၁၂ နှစ်ကြာ နေထိုင်ခဲ့ပြီး သားတစ်ဦး မွေးဖွားခဲ့သည်။ နောက်ဆုံး သူမ မြန်မာနိုင်ငံ ပြန်နိုင်သည့်အချိန်တွင် သူမ သမီးတွင် တရုတ်ရည်းစား ရှိနေပြီဖြစ်သောကြောင့် မိခင်နှင့်အတူ လိုက်မပြန်ချင်ခဲ့ပေ။


အချို့အမျိုးသမီးများမှာ လူကုန်ကူးခံရချိန်တွင် ကိုယ်ဝန်ရှိနေခဲ့ပြီး ထိုအခြေအနေသည် အချို့တရုတ်လင်ယောကျ်ားများ အတွက် လက်ခံနိုင်သည့်အခြေအနေမဟုတ်သော်လည်း အချို့အတွက်မူ ပြဿနာမရှိပေ။ မန္တလေးမှ လင်


ယောက်ျားနှင့် ကွဲနေသည့် အသက် ၂၄ နှစ်အရွယ် အမျိုးသမီးသည် တရုတ်နိုင်ငံသို့ ခရီးထွက်ရန် လှည့်ဖြားခံရပြီး တရုတ်အမျိုးသားတစ်ဦးဆီသို့ ယွမ် ၂ သောင်းဖြင့် ရောင်းစားခံရချိန်တွင် ကိုယ် ဝန် ၄ လ ရှိနေပြီးဖြစ်သည်။ ကိုယ်ဝန်ရှိ နေကြောင်း တရုတ်အမျိုးသားမှ သိသွားသောအခါ သူမအား ယွမ် ၃ သောင်းခွဲဖြင့် အခြားတရုတ်အမျိုးသား (အမျိုးသမီးများကို မှောင်ခိုကူး သည့် ယဉ်မောင်း) ထံ ပြန်လည်ရောင်းချခဲ့သည်။ ထိုတရုတ်အမျိုးသားက သူမအား တရုတ်နိုင်ငံ အရှေ့ပိုင်းရှိ ၎င်းအိမ်သို့ ခေါ်ပြန်သွားသော်လည်း အဖမ်းခံခဲ့ရပြီး လူကုန်ကူးမှုဖြင့် ထောင် ၁၀ နှစ်ကျခဲ့သည်။ အချို့ပွဲစားများက သူမအား အခြားတရုတ်အမျိုးသားထံသို့ ပြန်လည်ရောင်းစားခဲ့ပြန်သည်။ သူမ ကလေးမွေးပြီး နောက် ကလေးကိုသာ လိုချင်ပြီး သူမကို မလိုချင်ကြောင်း ထိုလင်ယောက်ျားမှ ပြောလာခြင်းကြောင့် သူမသည် တရုတ် ရဲတပ်ဖွဲ့ဆီသို့ ထွက်ပြေးခဲ့ပြီး ထိုမှတဆင့် မြန်မာနိုင်ငံသို့ ပြန်လာနိုင်ခဲ့သည်။

မြန်မာစစ်သားတစ်ဦးနှင့် လက်ထပ်ခဲ့သူ စစ်ကိုင်းမှ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံသို့ ခရီးထွက် ရန် လှည့်ဖြားခံခဲ့ပြီး ရောင်းစားမခံရမီ ရွှေလီတွင် လူကုန်ကူးသူများ၏ အတင်းအဓမ္မ ကိုယ်ဝန်ဖျက်ချခံရလုနီးဖြစ်ခဲ့ပြီး ကံကောင်းထောက်မစွာ အချိန်မီ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည်။

မူလဇာတိ

လွတ်မြောက်လာသူများ၏ မူလနေထိုင်ရာ ဇာတိပြ မြေပုံနှင့် ဇယားကွက်သည် မြန်မာနိုင်ငံ အရပ်ရပ်မှ အမျိုးသမီး






များ သည် လူကုန်ကူးခံနေကြရပြီး ထိုထဲမှာ တဝက်ကျော်မှာ တရုတ်နှင့် နယ်စပ်ထိစပ်မှုမရှိသည့် ပြည်နယ်များ (သို့) ဒေသများမှ ဖြစ်ကြသည်။ ဤအချက်သည် ၂၀၁၈ ကတည်းကစ၍ သိသာထင်ရှားသည့် အပြောင်းအလဲတစ်ခုဖြစ်သည်။ ၂၀၁၈ မတိုင်ခင် KWAT မှ ကူညီပေးခဲ့သည့် လွတ်မြောက်လာသူအားလုံးနီးပါးမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက် ပိုင်းမှ ကချင်အမျိုးသမီးများဖြစ်ကြသည်။

မည်သည့်ဒေသမှ အမျိုးသမီးမဆို ဝင်ငွေရရှိရေးမှာ ၎င်းတို့ရွှေ့ပြောင်းရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော်လည်း မြန်မာနိုင်ငံ မြောက်ပိုင်းရှိ စစ်ပဋိပက္ခများနှင့် အတင်းအဓမ္မ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများသည် ထိုဒေသမှ အမျိုးသမီး များအတွက် ဝင်ငွေလိုအပ်ချက်ကို ပိုမိုကြီးမားစေခဲ့ပြီး လူကုန်ကူးမှုအန္တရာယ်ကို ပိုမိုတိုးစေခဲ့သည်။

လူကုန်ကူးခံရသည့် ကချင်အမျိုးသမီးများ၏ လေးပုံတစ်ပုံခန့်သည် IDP စစ်ရှောင်စခန်းများမှ ဖြစ်ပြီး ထိုစစ်ရှောင်စခန်း အများစုမှာ တရုတ်နယ်စပ်တွင် ရှိကြသည်။ ဥပမာအားဖြင့် အသက် ၂၃ နှစ်အရွယ် ကချင်အမျိုးသမီးတစ်ဦးသည် ၂၀၁၁ ခုနှစ်တွင် တကျော့ပြန် ပြန်လည်ဖြစ်ပွားခဲ့သည့် စစ်ပဋိပက္ခကြောင့် တရုတ်နယ်စပ်နားရှိ IDP စခန်းသို့ အတင်း အဓမ္မ ရွှေ့ပြောင်းခံခဲ့ရပြီး ဝင်ငွေရရေးအတွက် တရုတ်နယ်စပ်ကို ဖြတ်ကျော်ကာ ကြံခုတ်သည့်အလုပ်ကို တပတ် ကြာ လုပ်ကိုင်ခဲ့သည်။ သို့သော် စားသောက်ဆိုင်တွင် အလုပ်ပေးမည်ဆိုကာ တရုတ်နိုင်ငံ အတွင်းပိုင်းသို့ ခရီးသွား ရန်လှည့် ဖြားခံခဲ့ရပြီး တရုတ်အမျိုးသားတစ်ဦးထံ ဇနီးမယားအဖြစ် ရောင်းစားခံခဲ့ရသည်။ ထိုအမျိုးသားနှင့် ၈ နှစ်အ ကြာ နေထိုင် ခဲ့ပြီး ကလေး ၃ ဦး မွေးဖွားခဲ့သည်။ ထိုနေရာမှ ကယ်ဆယ်မခံရမီ သူမသည် ပြင်းထန်ဆိုးဝါးသည့် ရုပ် ပိုင်းဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှုများကို ခံခဲ့ရသည်။

# ၁။ တရုတ်နိုင်ငံသို့ လူကုန်ကူးခြင်း

## ဆက်လက်တည်ရှိနေသော သတို့သမီးလိုအပ်ချက်

တရုတ်နိုင်ငံသို့ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူ အားလုံးနီးပါးသည် တရုတ်ဇနီးမယားအဖြစ် ရောင်းစားခံရပြီး သူများ (သို့မဟုတ်) တရုတ်ဇနီးမယားလုပ်ရန် ခေါ်ယူသည့် ဖြစ်စဉ်အတွင်း ပါဝင်ခဲ့ကြသူများ ဖြစ်ကြသည်။

မူဆယ်မြို့အနီး တရုတ်နယ်စပ်မြစ်ကို ဖြတ်ကျော်ခါနီးတွင် လူကုန်ကူးသူများနှင့်အတူ မြန်မာရဲများ ဖမ်းဆီးခံခဲ့ရသော အမျိုးသမီး ၂ ဦး (မကွေးမှ အသက် ၂၀ အရွယ်များ) သာ အငှားကိုယ်ဝန်ဆောင်ရန် ၎င်းတို့ကိုယ်တိုင် သဘောတူခဲ့ ကြောင်း ပြောခဲ့သည်။ အငှားကိုယ်ဝန်ဆောင်ရန်အတွက် ဝန်ဆောင်ခအဖြစ် ကျပ် ၁၀ သိန်း (တစ်လလျှင် ၄ သိန်း ကျပ်ဖြင့် မွေးဖွားပြီးပါက ကျပ် ၅ သိန်းခွဲ) ရကြောင်း ၎င်းတို့မှ ပြောပြသည်။ နယ်စပ်ဖြတ်ကျော်စဉ်အတွင်း အဖမ်းခံခဲ့ရသောကြောင့် အငှားကိုယ်ဝန်ဆောင်ရန်အတွက် (သို့မဟုတ်) အခြားမည်သည့်ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခံရသည် ကို သေချာ မသိရပေ။




မြန်မာအမျိုးသမီး ရောင်းစားခံရသည့် ပြည်နယ်များ

## တရုတ်နိုင်ငံအတွင်း ရောင်းစားခံရသော နေရာများ

မြေပုံတွင် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများ တရုတ်ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်းစားခံခဲ့ရသည့် တရုတ်နိုင်ငံအတွင်း ပြည်နယ်များကို ပြသထားသည်။ သို့သော်လည်း လွတ်မြောက်လာသူ ဒါဇင်ပေါင်းများစွာသည် ၎င်းတို့ရောင်းစားခံခဲ့ရသည့် နေရာအတိအကျမသိသောကြောင့် အမျိုးသမီးများ ရောင်းစားခံရသည့် အခြားပြည်နယ် များလည်း ရှိနိုင်ပါသေးသည်။

## ဇနီးမယားအဖြစ် အတင်းအဓမ္မရောင်းစားခံရသော အမျိုးသမီးများ၏ လင်ယောကျ်ား များ၏ ကိုယ်ရေးအကျဉ်း

ယခုချိန်အထိ အမျိုးသမီးများ ရောင်းစားခံရသည့် တရုတ်လင်ယောကျ်ားများ အများဆုံး လုပ်ကိုင်သည့် အလုပ်မှာ စိုက် ပျိုးရေး၊ ဂျုံ၊ ပြောင်း သို့မဟုတ် ငရုတ်စိုက်ပျိုးရေးနှင့် အချို့မှာ တိရိစ္ဆာန်မွေးမြူရေး အလုပ်များ ဖြစ်ကြသည်။ နောက် ထပ် အများဆုံး လုပ်သည့် အလုပ်အကိုင်မှာ ဆောက်လုပ်ရေးနှင့် စက်ရုံအလုပ်ရုံအလုပ်များဖြစ်သည်။ အနည်းစု မှာ စားဖိုမှူးများ၊ စားပွဲထိုးများ၊ ယာဉ်မောင်းများနှင့် ဈေးရောင်းသူများဖြစ်ပြီး အချို့မှာ စားသောက်ဆိုင်များ၊ အသားဆိုင် များ၊ ကားပြင်ဆိုင်များ သို့မဟုတ် ခေါက်ဆွဲ (သို့မဟုတ်) ဆံပင်တု ထုပ်ပိုးသည့် အသေးစား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်သူများ ဖြစ်ကြသည်။


အမျိုးသားများမှာ အများအားဖြင့် ၎င်းတို့၏ မိဘများနှင့်အတူ တစ်ယောက်တည်း နေထိုင်ကြသူများဖြစ်သည်။ အများစုမှာ အသက် ၂၀ မှ ၄၀ ကြား အရွယ်ရှိသူများဖြစ်သည်။ အချို့ အနည်းကျဉ်းသာ အသက် ၅၀ အထက် အမျိုး သား များ ဖြစ်ကြသည်။

အချို့အခြေအနေများတွင် ယောကျ်ားသည် အိမ်ထောင်ရှိပြီးသားဖြစ်သော်လည်း မျိုးဆက်မရှိသဖြင့် ကလေးယူရန် နောက်ထပ်ဇနီးကို ယူကြသူများဖြစ်သည်။

အမျိုးသား အများအပြားသည် ရုပ်ပိုင်း သို့မဟုတ် ဦးနှောက်မသန်စွမ်းသူများဖြစ်ပြီး သတို့သမီးဝယ်ယူမှုတွင် ၎င်းတို့၏ မိဘ သို့မဟုတ် ဆွေမျိုးများမှာ အလုံးစုံ ကိုင်တွယ်စီမံကြသူများဖြစ်သည်။

# တရုတ်နိုင်ငံသို့ လူကုန်ကူးသည့် လုပ်ငန်းစဉ်အဆင့်ဆင့်

## စုဆောင်းသည့်နည်းလမ်း




## လူကိုယ်တိုင် တိုက်ရိုက်စုဆောင်းခြင်း

- အလုပ်အကိုင်အခွင့်အလမ်းဖြင့် သွေးဆောင်ခြင်း

လွတ်မြောက်လာသူအများစုမှာ တရုတ်နိုင်ငံတွင်း အလုပ်အကိုင်ပေးမည်ဟုဆိုကာ မြန်မာနိုင်ငံအတွင်း လူကိုယ်တိုင် ဖြားယောင်းသွေးဆောင် စုဆောင်းခံကြရသည်။ ထက်ဝက်ခန့်မှာ "သူငယ်ချင်းများ" သို့မဟုတ် အသိမိတ်ဆွေများ ကိုယ်တိုင် စုဆောင်းခံကြရပြီး ကျန်လေးပုံတစ်ပုံမှာ ဆွေမျိုးသားချင်းများကိုယ်တိုင် စုဆောင်းခဲ့ပြီး ကျန်လေးပုံတစ်ပုံမှာ လူစိမ်းပွဲစားများမှ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ စုဆောင်းသူအားလုံးနီးပါးမှာ အမျိုးသမီးများဖြစ်သည်။

စုဆောင်းသူသည် သူစိမ်းများဖြစ်ပါက ပွဲစားများသည် အလားအလာရှိသည့် ၎င်းတို့ပစ်မှတ်များကို ချဉ်းကပ်ရန် အခွင့် အရေးများကို ရှာဖွေခဲ့ကြသည်။ ဥပမာအားဖြင့် ခင်ပွန်းဖြစ်သူနှင့် ကွဲကွာနေသော ရခိုင်အမျိုးသမီးငယ်တစ်ဦး သည် သူမ သားသမီး ၂ ဦးကို ထောက်ပံ့ရန်အတွက် ကျောက်ဖြူမြို့နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ် နေစဉ်အတွင်း ထမင်းလာရောက်စားသုံးသူ အမျိုးသမီးတစ်ဦးက တရုတ်နိုင်ငံတွင် အလုပ်လုပ်ရန် ကမ်းလှမ်းခဲ့ရာမှ ဇနီးမယားအဖြစ် ကုန်ကူးရောင်းစားခံခဲ့ရသည်။

တရုတ်နိုင်ငံတွင် အလုပ်လုပ်ရန် ကမ်းလှမ်းခံရသော အလုပ်အကိုင်အမျိုးအစားမှာ စက်ရုံ၊ လယ်ယာ၊ စားသောက်ဆိုင်၊ အလှပြင်ဆိုင်နှင့် အိမ်အကူအလုပ်နှင့် ဆောက်လုပ်ရေး လုပ်ငန်းများ ဖြစ်ကြသည်။

စက်ရုံအလုပ်များအတွက် ပေးမည်ဟု ကတိပြုထားသော လစဉ်လစာမှာ (အများအားဖြင့် အစားအသောက် သို့မဟုတ် အဝတ်အစားထုတ်လုပ်သည့်အလုပ်အဖြစ် အသိပေးထားသည်) အများအားဖြင့် ကျပ်ငွေ ၃ သိန်းနှင့် ၅ သိန်းအကြား၊ သို့မဟုတ် ယွမ် ၁၅၀၀ မှ ၃၀၀၀ ကြားဖြစ်သည်။

လယ်ယာများတွင် (ကြံ၊ ပန်း၊ ရော်ဘာ၊ ပြောင်းဖူးနှင့် လိမ္မော်သီးစိုက်ပျိုးရေးလုပ်ငန်း) အလုပ်လုပ်ရန် ကမ်းလှမ်းခဲ့သော လစဉ်လစဉ်မှာ တစ်လလျှင် ကျပ် ၃ သိန်းမှ ကျပ် ၄ သိန်းကြားဖြစ်သည်။

စားသောက်ဆိုင်အလုပ်အတွက် အမျိုးသမီးများသည် ၁ လလျှင် ကျပ် ၂ သိန်းမှ ၃ သိန်းကြား ကမ်းလှမ်းခံရပြီး အလှပြင်ဆိုင်အလုပ်အတွက် တစ်လ ၁၅၀၀၀ ယွမ်၊ အိမ်အကူ (သို့မဟုတ်) ကလေးထိန်းကဲ့သို့သော အိမ်တွင်းအလုပ်များအတွက် တစ်လလျှင် ကျပ်ငွေ ၄ သိန်းမှ ၆ သိန်းကြားဖြစ်သည်။

အချို့ဖြစ်စဉ်များတွင် အမျိုးသမီးများသည် တရုတ်နယ်စပ်နှင့်နီးသည့် မြန်မာမြို့များတွင် အလုပ် လုပ်ရန် ပထမဆုံးအနေဖြင့် ကမ်းလှမ်းခံခဲ့ရပြီး ထိုမှတဆင့် တရုတ်နိုင်ငံသို့ ကုန်ကူးခံကြရသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းမှ အသက် ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ရှမ်းပြည်နယ် အရှေ့ဘက် မိုင်းလာမြို့တွင် တစ်လ ၄ သိန်းကျပ်ဖြင့် အိမ်အကူအလုပ်လုပ်ရန် (ရန်ကုန်မှ သူမ အိမ်ရှင်၏) ကမ်းလှမ်းခြင်းခံခဲ့ရသည်။ သို့သော် ထိုနေရာသို့ ရောက်သောအခါ နယ်စပ်ဖြတ်ကျော် ကုန်ကူးခံခဲ့ရပြီး အသက် ၃၅ နှစ်အရွယ် တရုတ်ပြောင်းစိုက်လယ်သမားတစ်ဦးနှင့် အတင်းအဓမ္မ လက်ထပ်ခံခဲ့ရသည်။

- တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် စည်းရုံးသိမ်းသွင်းခြင်း

အမျိုးသမီးအများစုမှ ကနဦးတွင် အလုပ်အကိုင်ရမည်ဆိုကာ ပွဲစားများ၏ လိမ်လည်မှုကို ခံခဲ့ရပြီးနောက် တရုတ်ဇနီး မယားများအဖြစ် ကုန်ကူးရောင်းစားခံကြရသော်လည်း အမျိုးသမီး လေးပုံတစ်ပုံခန့်မှာ တရုတ်အမျိုးသားများနှင့် လက် ထပ်ရန်အတွက် ဆွဲဆောင်စည်းရုံးခံခဲ့ရသည်။ တရုတ်အမျိုးသားများကို လက်ထပ်ရန်အတွက် ကတိပြုထားသော ငွေ ပမာဏမှာ ကျပ်ငွေ ၁၅ သိန်းမှ သိန်း ၁၀၀ ကြား နှုန်းထားအမျိုးမျိုးဖြစ်သည်။ ပွဲစားများက အမျိုးသမီးများအနေဖြင့် တရုတ်အမျိုးသားများနှင့် လအနည်းငယ်သာ အတူနေထိုင်ရန်လိုအပ်ပြီး နောက်ပိုင်းတွင် ပြန်လာနိုင်ကြောင်း ပြောခဲ့ သည်။

တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် သဘောတူခဲ့ကြသူ အများစုမှာ အသက် ၂၀ နှင့် ၃၀ အရွယ်များဖြစ်ပြီး အိမ်ထောင်ရှိပြီးသားသူများဖြစ်ကာ ၎င်းတို့အကြွေးဆပ်ရန် (သို့မဟုတ်) မိသားစုကို ထောက်ပံ့ရန် ငွေလိုအပ်သူများ ဖြစ်ကြသည်။

ဥပမာအားဖြင့် မူးယစ်ဆေးသုံးစွဲသူတစ်ယောက်နှင့် လက်ထပ်ခဲ့သည့် စစ်တွေမှ ရခိုင်အမျိုးသမီးတစ်ဦးသည် သူမသားငယ်၏ ဆေးကုသစရိတ်အတွက် ငွေအရေးပေါ်လိုအပ်ခြင်းကြောင့် ကျပ်ငွေ ၂၅ သိန်းဖြင့် တရုတ်အမျိုးသားတစ်ဦး နှင့် လက်ထပ်ရန် သဘောတူခဲ့သည်။ ပဲခူးမှ နောက်ထပ်အမျိုးသမီးတစ်ဦးသည်လည်း ခင်ပွန်းသည် လေဖြတ်နေသော ကြောင့် သားသမီး ၄ ဦးကို ထောက်ပံ့ရန် သူမတဦးတည်းသာ ရှန်းကန်နေရသူဖြစ်ပြီး ကျပ်ငွေ သိန်း ၂၀ ဖြင့် တရုတ်အမျိုးသားတစ်ဦးနှင့် ၆ လကြာ လက်ထပ်ရန် သဘောတူခဲ့သည်။

အချို့အမျိုးသမီးအနည်းစုမှာ တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် စည်းရုံးသိမ်းသွင်းခံရချိန်တွင် တရုတ်နိုင်ငံအ

တွင်း အလုပ်လုပ်နေပြီးသားသူများ ဖြစ်ကြသည်။ ဥပမာအားဖြင့် အသက် ၁၇ နှစ်အရွယ် ရှမ်းမိန်းကလေးငယ်တစ်ဦးသည် ရွှေလီမြို့အနီးနေထိုင်သော တရုတ်နှင့် လက်ထပ်ထားသည့် အမျိုးသမီးတစ်ဦးအိမ်တွင် ကလေးထိန်းအဖြစ် အလုပ်လုပ် ကိုင်နေစဉ် ဝင်ငွေပိုရရန်အတွက် အသက် ၃၆ နှစ်အရွယ် တရုတ်အမျိုးသားတစ်ဦး (နွားနို့ရောင်းသူ) နှင့် လက်ထပ်ရန် သူမအလုပ်ရှင်က စည်းရုံးသိမ်းသွင်းခဲ့သည်။ အရောင်းအဝယ်အတွက် ပွဲစားမှ ယွမ် ၄ သောင်းရရှိခဲ့သော်လည်း သူမမှာ မည်သည့်အရာမျှ မရရှိခဲ့ပဲ ထိုအမျိုးသားနှင့် ၉ လကြာ နေထိုင်ခဲ့ရကာ ကိုယ်ဝန်ရခဲ့ပြီးနောက်မှသာ ထွက်ပြေး မြောက်နိုင်ခဲ့သည်။

## အွန်လိုင်းမှ စုဆောင်းခြင်း

- အွန်လိုင်းအလုပ်ကမ်းလှမ်းမှုများ

တရုတ်နိုင်ငံတွင် အလုပ်လုပ်ရန် အွန်လိုင်းဖြင့် စုဆောင်းခံရသူ အမျိုးသမီး ၂၀ ခန့်ရှိသည်။ အများစုမှာ ရန်ကုန်၊ မန္တလေး နှင့် အခြားမြို့များရှိ လစာနည်းပါးသည့် အလုပ်များတွင် လုပ်ကိုင်နေကြသော အမျိုးသမီးများဖြစ်ကြပြီး တရုတ် နိုင်ငံတွင် လစာပိုကောင်းသော အလုပ်လုပ်ရန် ကမ်းလှမ်းခံကြရသည်။

အွန်လိုင်းဖြင့် စုဆောင်းခံရသူ အမျိုးသမီးများထဲတွင် လှိုင်သာယာမှ အထည်စက်ရုံ အလုပ်သမားတစ်ဦး (တစ်လကျပ် ၁ သိန်း ၈ ထောင်ကျပ်ရသူ)နှင့် မန္တလေး ဘီစကစ်စက်ရုံမှ (တစ်လ ၁ သိန်း ၂ သောင်းကျပ်ရသူ) အမျိုးသမီးတစ်ဦးလည်း ပါဝင်သည်။

အများစုမှာ ဖေ့ဘွတ်မှတဆင့် စုဆောင်းခံကြရသော်လည်း ကချင်အမျိုးသမီးအနည်းစုကမူ တရုတ် application ဖြစ်သည့် Wechat မှတဆင့် ခေါ်ယူခဲ့သည်ဟု ဆိုသည်။

လူခေါ်ယူစုဆောင်းသူများသည် အများအားဖြင့် တရုတ်နိုင်ငံရှိ စက်ရုံများတွင် မြန်မာနိုင်ငံတွင်ရသည့် လစာထက် ပိုမြင့်သော တရုတ်ငွေဖြင့် ယွမ် ၉၀၀ မှ ၂၀၀၀ ကြား (သို့မဟုတ်) မြန်မာငွေဖြင့် ကျပ် ၄ သိန်းမှ ၇ သိန်းကြား လစာငွေ ဖြင့် အလုပ်လုပ်ရန် ကမ်းလှမ်းခဲ့ကြသည်။

## အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း

လူကုန်ကူးမှုမှ လွတ်မြောက်လာသူ အားလုံးနီးပါးသည် အစပိုင်းတွင် စည်းရုံးသိမ်းသွင်းခံကြရသော်လည်း နောက်ပိုင်းတွင် အမျိုးသမီး ငယ်များ (သို့မဟုတ်) ခြားနားသန်စွမ်း အမျိုးသမီးများအပါအဝင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခံရသည့် မိန်းကလေး ငယ်များ၏ ကြောက်မက်ဖွယ်ရန် ဖြစ်ရပ်အချို့လည်း ရှိခဲ့သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းရှိ တရုတ်အလုပ်သမားတစ်ဦး၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဖြစ်ရပ် တစ်ခု ရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် အသက် ၁၂ နှစ်အရွယ် မိဘမဲ့ မိန်းကလေးငယ်တစ်ဦးသည် Asia World Company ၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ထမင်းချက်အဖြစ် အလုပ်လုပ်နေစဉ် အသက် ၄၀ အရွယ် တရုတ် လျှပ်စစ် လုပ်သားတစ်ဦးက သူမ၏ ဦးခေါင်းကို ရိုက်နှက်ကာ ပါးစပ်ပိတ်ပြီး နယ်စပ်ဖြတ်ကျော်၍ တရုတ်နိုင်

ငံတွင်းရှိ ရက်ပေါင်းများစွာ ခရီးနှင်ရသော ၎င်း၏ နေအိမ်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုတရုတ်အမျိုးသား သည် မိန်းမ ရှိပြီးသူဖြစ်သော်လည်း ကလေးမမွေးနိုင်သောကြောင့် မိန်းကလေးငယ်အား ၎င်းနှင့်အတူ အိပ်ရန် ဓားဖြင့် လှီးခြင်း၊ ခြေထောက်အား သံချောင်းဖြင့် ထိုးခြင်းတို့ဖြင့် အတင်းအဓမ္မ ညှဥ်းပမ်းနှိပ်စက်ခဲ့သည်။ ၎င်းသည် ပထမ ဇနီးကိုလည်း အကြမ်းဖက်ခဲ့ပြီး ဒေါသထွက်နေစဉ် သတ်ဖြတ်ခဲ့သောကြောင့် လူသတ်မှုဖြင့် ထောင်ကျခဲ့သူလည်း ဖြစ် သည်။ ထို့ နောက် မိန်းကလေးငယ်သည် ဂူဟာန်မြို့တွင် နေထိုင်သော ထိုအမျိုးသား၏ မိခင်အိုနှင့်အတူ နေထိုင်ခဲ့ရ ပြီး ဝင်ငွေရှာရန် အတွက် ထိုမိခင်အိုမှ အကနှင့် သီချင်းများကို သင်ပေးခဲ့သည်။ နောက်ဆုံးတွင် ၉ နှစ်အကြာ နေထိုင် ခဲ့ရပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၂၀၁၀ ခုနှစ်ထဲမှာပဲ ဝိုင်းမော်မြို့နယ်ရှိ ကျေးရွာတစ်ရွာမှ နားမကြားသည့် ကချင်အမျိုးသမီးကို တရုတ်အမျိုးသားနှင့် လက်ထပ်ထားသည့် အိမ်နီးချင်းတစ်ဦးက  မိဘမသိပဲ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ မိဘများသည် ထိုအိမ်နီးချင်းဆီ မှ ၎င်းတို့သမီးသည် တရုတ်အမျိုးသားတစ်ဦးနှင့် လက်ထပ်သွားပြီဟုသာ သိခဲ့ရပြီး သမီးဖြစ်သူနှင့် အဆက်အသွယ် လုံးဝ ပြတ်တောက်သွားခဲ့သည်။ နောက်ဆုံးတွင် ၂၀၁၉ ခုနှစ်တွင် တစုံတယောက်မှ ၎င်းတို့သမီးဓာတ်ပုံဖြင့် သူမ အား သိရှိပါက အကြောင်းကြားရန် Wechat တွင် တင်ခဲ့သည်။ သူမသည် တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ဈေးအနီး တဲဖြင့်နေထိုင်ကာ ဗူးခွံကောက်ခြင်းဖြင့် စားသောက်နေထိုင်ခဲ့သည်။ သူမသည် မိဘများနှင့် ပြန်တွေ့နိုင်ချေရှိခဲ့သော် လည်း  စိတ်ဖောက်ပြန် ကာ မိဘများကို မမှတ်မိတော့ပေ။ သူမသည် ကလေး ၃ ယောက် မွေးဖွားခဲ့ရသော တရုတ် လင်ယောကျ်ား၏ ညှဥ်းပမ်း နှိပ်စက်မှုကို ဆိုးဝါးစွာ ခံခဲ့ရဟန်ရှိသည်။

နောက်ထပ် ဖြစ်ရပ်တစ်ခုတွင် အသက် ၁၃ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ရန်ကုန်လမ်းမပေါ်တွင် အမျိုးသား ၃ ဦးမှ ဖမ်းဆီးခဲ့ပြီး ဆေးထိုးကာ မူဒိမ်းကျင့်ခဲ့သည်။ ထို့နောက် သူမကို တပတ်ကြာ ပြည့်တန်ဆာအဖြစ် အတင်းအ ဓမ္မ စေခိုင်းခဲ့ပြီးနောက် ရှမ်းပြည်နယ် အရှေ့ဘက်ခြမ်း နယ်စပ်ရှိ မိုင်းလားသို့ ပို့ဆောင်ကာ တရုတ်အမျိုးသားတစ်ဦး ထံ ဇနီး မယားအဖြစ် ရောင်းစားခဲ့သည်။ ထိုသူက မိန်းကလေးငယ်ကို  Anhui ပြည်နယ်သို့ ခေါ်သွားခဲ့ပြီး ရက်သတ္တ ပတ် အနည်းငယ်အကြာတွင် မိန်းကလေးငယ်သည် ရဲတပ်ဖွဲ့ဆီသို့ ထွက်ပြေးနိုင်ခဲ့သည်။ သို့သော်လည်း ရဲများက သူမကို စိတ်ကျန်းမာရေးဆေးရုံတွင် တစ်နှစ်ကြာ ထိန်းသိမ်းခဲ့ပြီးမှသာ မြန်မာနယ်စပ်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။

# ခရီးသွားလာခြင်း

## တရုတ်နယ်စပ်သို့ သယ်ယူပို့ဆောင်ခြင်း

လူကိုယ်တိုင် စည်းရုံးသိမ်းသွင်းခံရသူ အမျိုးသမီးများသည် အများအားဖြင့် စုဆောင်းသူများကိုယ်တိုင် သို့မဟုတ် အခြားပွဲစားများမှ တရုတ်နယ်စပ်သို့ လိုက်ပို့လေ့ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းမှ ခေါ်ဆောင်ခံရသူ အမျိုးသမီး အများစုမှာ မူဆယ်သို့ ဘတ်စ်ကားဖြင့် သွားရောက်ကြသည်။

အွန်လိုင်းမှတဆင့် ခေါ်ယူခံရသူ အမျိုးသမီးအများစုမှာ မူဆယ်သို့ မိမိကုန်ကျစရိတ်ဖြင့်သာ သွားခိုင်းခံရပြီး ထိုနေရာ

ရောက်မှသာ ဒေသခံ ပွဲစားတစ်ဦးက နယ်စပ်ဖြတ်ကျော်ရန်အတွက် စီစဉ်ပေးကြသည်။ အချို့ဖြစ်ရပ်အနည်းငယ်တွင် သာစုဆောင်းစည်းရုံးသူက မူဆယ်လာသည့် ခရီးစရိတ် (အများဆုံး ကျပ် ၁ သိန်းခွဲ) ကို Wave application မှ တဆင့် ကြိုတင်ပေးပို့မှု ရှိခဲ့သည်။

ကနဦး လူစုဆောင်းခြင်းနှင့် တရုတ်နယ်စပ်သို့ သယ်ယူပို့ဆောင်ပြီး မြန်မာဘက်ခြမ်းမှ ဒေသခံ ပွဲစားများဆီသို့ အမျိုးသမီးများကို လွှဲပြောင်းပေးပြီးသည့်အခါ [illegible] ပွဲစားအချိတ်အဆက်အခြေအနေနှင့် ဝယ်ယူမည့်သူ (ဥပမာ- တရုတ်လင်ပေ [illegible] သည်။


နယ်စပ်ဖြတ်ကျော်ဂိတ်တည်နေရာပြ မြေပုံ

အချို့ အမျိုးသမီးများမှာ ချက်ချင်း နယ်စပ်ဖြတ်ကျော်မှု မလုပ်ရသေးပဲ နယ်စပ်မြို့ရှိ ပွဲစား၏ နေရာများ (သို့မဟုတ်) ဟော်တယ်တွင် ရက်ပေါင်းများစွာ (သို့မဟုတ်) ရက်သတ္တပတ်ပေါင်းများစွာ နေကြရသည်။ အမျိုးသမီးများသည် တခါတရံ တစ်ဦးတည်း နေရပြီး တခါတရံ အုပ်စုလိုက် နေကြရသည်။ အများအားဖြင့် အမျိုးသမီးများသည် အခန်းထဲတွင် သော့ခတ်ခံကြရသည်။ ဥပမာအားဖြင့် အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးသည် နယ်စပ်မဖြတ်မီ အခြားအမျိုးသမီးများနှင့်အတူ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ ချင်းရွှေဟော်ရှိ တရုတ်ပွဲစားအိမ်တွင် တစ်လခန့် သော့ခတ်ခံခဲ့ရသည်။

မြန်မာဘက်ခြမ်းတွင် အချိန်ကြာမြင့်စွာ နေခဲ့ရသူ အမျိုးသမီးများသည် အများအားဖြင့် နယ်စပ်ဖြတ်ကျော်ပြီးနောက် တရုတ်နိုင်ငံ အတွင်းပိုင်းရှိ တရုတ်လင်ယောကျ်ားများဆီသို့ တိုက်ရိုက်ပို့ဆောင်ခံခဲ့ရသည်ကို ကြည့်ခြင်းအားဖြင့် စောင့် ဆိုင်းနေသည့် ကာလအတွင်းတွင် အရောင်းအဝယ်ပြုလုပ်ရန် စီစဉ်နေကြောင်း ဖြစ်နိုင်ချေများသည်။

နယ်စပ်ဖြတ်ကျော်နေရာများ






တရုတ်နယ်စပ်၏ မြန်မာဘက်ခြမ်းသို့ အမျိုးသမီးများ ရောက်သောအခါ တရုတ်နိုင်ငံတွင်းသို့ ဖြတ်ကျော်ရန် စီစဉ်ပေး သည့် ဒေသခံ ပွဲစားနှင့် တွေ့ဆုံခြင်း (သို့မဟုတ်) ၎င်း လက်သို့ လွှဲပြောင်းခြင်း ခံကြရသည်။ ယခုအချိန်အထိ နယ်စပ်ဖြတ်ကျော်မှုအများဆုံးပြုသည့် နေရာမှာ မူဆယ်မြို့ဖြစ်ပြီး ဒုတိယ အများဆုံး ဖြတ်ကျော်သည့် နေရာမှာ ကချင်နယ်စပ်တွင်ရှိသည့် လွယ်ဂျယ်မြို့ ဖြစ်သည်။

မူဆယ်နှင့် လိုင်ဇာမြို့နှစ်ခုလုံးသည် တရားဝင် နယ်စပ်ဂိတ်များဖြစ်သော်လည်း တရုတ်နိုင်ငံအတွင်း သို့ ဝင်ရောက်သူများ၏ ၃ ပုံ ၂ ပုံကျော်မှာ တရားမဝင် ဝင်ရောက်ကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့သည် တရားဝင် နယ်စပ်ဂိတ်မှတဆင့် ဖြတ်သန်းဝင်ရောက်ခြင်း မဟုတ်ကြပေ။ မူဆယ်မြို့တွင် ထိုသို့ တရားမဝင် ဖြတ်ကျော်ခြင်းဆို သည်မှာ နယ်စပ်ခြံစည်းရိုးပေါက်မှ ဖြတ်သန်းဝင်ရောက်ခြင်းဖြစ်ပြီး တခါတရံ ရွှေလီမြစ်ကို လှေဖြင့် ဖြတ်ကူးကြသည်။

နယ်စပ်ဂိတ်မှတဆင့် တရားဝင်ဖြတ်သန်းသူများမှာ ၎င်းတို့၏ နိုင်ငံသားမှတ်ပုံတင်ကဒ်ကို ပြကာ ၇ ရက် သက်တမ်းရှိ အစိမ်းရောင်ကဒ်၊ သို့မဟုတ် (မူဆယ်ခရိုင်တွင်း နေထိုင်သူများအတွက်သာ လုပ်ပေးသည့်) ၁ နှစ်သက်တမ်းရှိ သည့် အနီရောင်ကဒ်ဖြစ်သော ယာယီနယ်စပ်ဖြတ်ကျော်ခွင့်ကဒ်ပြားကို လျှောက်ထားရသည်။ အနီရောင်ကဒ်ကို ကိုင်ဆောင် ထားသူသည် တရုတ်အလုပ်ရှင်များ၏ ထောက်ခံချက်ဖြင့် ထိုဒေသအတွင်း အလုပ်လုပ်ကိုင်ခွင့်ပါမစ်ကို ရရှိကြသည်။ (မှတ်ချက်- ဤအလုပ်လုပ်ခွင့်ပါမစ်များကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ ထုတ်ပေးမှု ရပ်ဆိုင်းထားသည်)

နယ်စပ်ဖြတ်ကျော်ခွင့်ကဒ်ပြား ကိုင်ဆောင်သူများသည် Dehong ခရိုင်အတွင်းသာ သွားလာခွင့်ရသည် (နောက်ပိုင်း ၂၀၂၃ ခုနှစ်တွင် ရွှေလီမြို့အတွင်းသာ သွားလာခွင့် ကန့်သတ်ခဲ့သည်) သော်လည်း လူကုန်ကူးသူများသည် နည်းအမျိုးမျိုးသုံး၍ အမျိုးသမီးများကို တရုတ်နိုင်ငံ အတွင်းပိုင်းအထိ မှောင်ခိုသွင်းခဲ့ကြသည်။ တရုတ်နိုင်ငံသည် ၂၀၂၀ ခုနှစ် အစောပိုင်း ကာလကတည်းကစ၍ မြန်မာနိုင်ငံနှင့် နယ်စပ်တလျှောက် လုံခြုံရေးစည်းရိုးများကို အခိုင်အမာ

တည်ဆောက်ထားသော်လည်း မြန်မာနိုင်ငံမှ လူများအနေဖြင့် တရားမဝင်ဖြတ်ကျော်၍ ရနေဆဲပင်ဖြစ်သည်။

## တရုတ်နိုင်ငံတွင်း ခရီးသွားလာခြင်း

တရုတ်နိုင်ငံတွင်းသို့ နယ်စပ်ဖြတ်ကျော်ပြီးနောက် အမျိုးသမီးများသည် များသောအားဖြင့် အနီးဆုံး တရုတ်မြို့တွင် ပထမဆုံး နေရာချထားခံကြရသည်။ မူဆယ်မှ ဖြတ်ကျော်လာသူများအတွက်မူ ရွှေလီ (Ruili) တွင် နေရာချခံကြရသည်။ ပြောထားသည့် အလုပ်ကို စီစဉ်နေဆဲဖြစ်သောကြောင့် ထိုနေရာတွင် ရက်အနည်းငယ် စောင့်ဆိုင်းရန်လိုကြောင်း ပွဲစား များက အမျိုးသမီးများကို မကြာခဏ ပြောလေ့ရှိသည်။ တခါတရံ ရက်အနည်းငယ် စောင့်ဆိုင်းပြီးနောက် အမျိုးသမီး များကို တရုတ်နိုင်ငံထဲမှ နောက်ထပ်နေရာတစ်ခုကို ထပ်မံပို့ဆောင်ခံရပြီး ထိုအချိန်အထိ အမျိုးသမီးများသည် အလုပ် လုပ်ရမည်ဟုသာ ယုံကြည်နေခဲ့ကြသည်။

အမျိုးသမီးအများအပြားသည် နယ်စပ်ဖြတ်ကျော်ပြီး မကြာမီပင် ၎င်းတို့အား ဇနီးမယားအဖြစ် လူကုန်ကူးနေကြောင်းကို သိရှိလာကြသည်။ အဘယ်ကြောင့်ဆိုသော် ပွဲစားများက တရုတ်လင်ယောကျ်ားများကို လက်ခံရန် ၎င်းတို့အား တိုက်ရိုက် စည်းရုံးသိမ်းသွင်းခြင်း (သို့မဟုတ်) အဓမ္မစေခိုင်းခြင်းမှဖြစ်စေ၊ (သို့မဟုတ်) ဝတ်ကောင်းစားလှဝတ်ကာ ဓာတ်ပုံရိုက်ခြင်းနှင့် တရုတ်အမျိုးသားများ က လာရောက်ကြည့်ရှုစစ်ဆေးခြင်းတို့ကြောင့် သတိပြုမိလာခဲ့ခြင်း ဖြစ်သည်။ အကယ်၍ ဇနီးမယားအရောင်းအဝယ်ကိစ္စကို နယ်စပ်တွင် ပြုလုပ်ခဲ့ပါက အမျိုးသမီးများသည် ၎င်းတို့၏ လင်ယောကျ်ားဖြစ်မည့်သူအိမ်သို့ တိုက်ရိုက်ပို့ဆောင်ခံကြရသည်။

အမျိုးသမီးများသည် ဇနီးမယားဖြစ်ရန် ဆန္ဒရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ပွဲစားများ (အများအားဖြင့် မြန်မာလူမျိုးများ) က ၎င်းတို့၏ မှတ်ပုံတင်ကဒ်များ၊ နယ်စပ်ဖြတ်ကျော်ခွင့်ကတ်များနှင့် ဖုန်းများကို သိမ်းယူကာ နယ်စပ် အနီးတနေရာတွင် သော့ခတ်ထားလေ့ရှိကြသည်။ အမျိုးသမီးအချို့ ပြောပြချက်အရ ၎င်းတို့ကို အခြားကုန်ကူးခံရ သူများနှင့်အတူထားကြောင့် သိရသည်။

အတင်းအဓမ္မ ဇနီးမယားအဖြစ် အရောင်းအဝယ်ကိစ္စများအားလုံးနီးပါးကို နယ်စပ်တွင် လုပ်ဆောင်ကြသော်လည်း အချို့ အမျိုးသမီးများမှာမူ Guangdong၊ Shandong၊ Anhui နှင့် Henan ကဲ့သို့သော် တရုတ်နိုင်ငံ အတွင်းပိုင်းကျသော နေရာများသို့ တိုက်ရိုက်ပို့ဆောင်ခံကြရပြီး ထိုနေရာများတွင် အရောင်းအဝယ်ပြုလုပ်ခြင်း ခံကြရသည်။

ဥပမာအားဖြင့် ရန်ကုန်မှ အသက် ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံရှိ လိမ္မော်ခြံတွင် အလုပ်လုပ်ရမည် ဟုဆိုကာ မူဆယ်မှတဆင့် တရုတ်နိုင်ငံအတွင်းသို့သွားရန် သူမရည်းစား၏ လိမ်လည်ခြင်းကို ခံခဲ့ရပြီး မြန်မာအမျိုး သမီးပွဲစားမှ Guangdong သို့ သူမကို ကားဖြင့် ခေါ်သွားခဲ့သည်။ တရုတ်ပွဲစားအိမ်တွင် ရက် ၂၀ ကြာနေခဲ့ရပြီး ထိုကာ လအတွင်း တရုတ်အမျိုးသားအများအပြားက သူမအား လာရောက်ကြည့်ရှုခဲ့သည်။

နောက်ထပ် အသက် ၂၃ နှစ်အရွယ် အိမ်ထောင်ကွဲ မိခင်တစ်ဦးသည်လည်း Shandong ရှိ စက်ရုံတစ်ရုံတွင် အလုပ်ရမည် ဟုဆိုကာ လိမ်လည်ခံခဲ့ရပြီး မြန်မာနိုင်ငံမှ အခြား အမျိုးသမီးငယ် ၂၀ ဦးနှင့်အတူ ကျယ်ဂေါင် (Jegao) နယ်စပ်မှတဆင့် တရုတ်နိုင်ငံသို့ လာခဲ့ကြသည်။ သူမအပါအဝင် အခြားရုပ်ဆင်းအင်္ဂါလှပသည့် အမျိုးသမီး ၅ ဦးကို အုပ်

စုမှ ခွဲထုတ်ကာ ပွဲစားအိမ်တွင် သီးသန့်ထားခဲ့သည်။ ပွဲစားက သူမတို့ ၅ ဦးလုံးကို ဈေးကြီးသည့် မိတ်ကပ်နှင့် အဝတ်အစားများပေးကာ တရုတ် အမျိုးသားများ၏ ဇနီးမယားဖြစ်မည့်အကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံအတွင်း ခေါ်ယူပို့ဆောင်မှု အားလုံးနီးပါးကို ကားဖြင့် စီစဉ်ပြုလုပ်ခဲ့သည်။ အချို့ဖြစ်ရပ်အနည်းကျဉ်းတွင်သာ အမျိုးသမီးများကို နယ်စပ်ဖြတ်ကျော်ပြီးသည့်အချိန် (သို့မဟုတ်) ယူနန်ရှိ ကျေးလက်ဒေသအချို့သို့ သွားပို့သည့် အချိန်တွင် မော်တော်ဆိုင်ကယ်ဖြင့် ပို့ဆောင်ခဲ့သည်။

တရုတ်နိုင်ငံအတွင်းပိုင်းမှ နေရာများသို့ ကားဖြင့် သွားသည့်အခါ ရက်အနည်းငယ်မှ တပတ်အထိ ကြာမြင့်သည်။ အမျိုးသမီးတစ်ဦးက Henan သို့ ၃ ရက်တာ ခရီးသွားသည့် ကာလအတွင်း လမ်းတလျှောက်တွင် ကား ခုနစ်ကြိမ်တိုင် ပြောင်းခဲ့ရကြောင်း ပြောပြသည်။

တခါတရံ အမျိုးသမီးများကို တဦးချင်းအလိုက် သယ်ဆောင်ခြင်း ရှိသကဲ့သို့ တခါတရံ မြန်မာပြည်မှ အခြားအမျိုးသမီး များနှင့်အတူ အုပ်စုလိုက် သယ်ဆောင်ခြင်းလည်း ရှိသည်။ ရန်ကုန်မှ အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး သည် ရွှေလီမှ Henan သို့ ကားဖြင့် အခြားအမျိုးသမီး ၇ ဦးနှင့်အတူ သယ်ဆောင်ခံခဲ့ရသည်။ လမ်းခရီးအတွင်း တဦးနှင့် တဦး စကားပြောခွင့်မရှိပဲ အသင့်စား ခေါက်ဆွဲကိုသာ ကျွေးခဲ့ကြောင်း သူမက ပြောပြသည်။

ကားမောင်းသမားများမှာ ပုံမှန်အားဖြင့် တရုတ်လူမျိုးများဖြစ်ပြီး မြန်မာစကားပြောသည့် ပွဲစားအမျိုးသမီး တဦး သို့မ ဟုတ် ၂ ဦးလည်း အတူလိုက်ပါလေ့ရှိသည်။

တခါတရံ တရုတ်လင်ယောကျ်ားဖြစ်မည့်သူ (သို့မဟုတ်) ၁ ဦး သို့မဟုတ် ၁ ဦးထက်ပိုသော ၎င်း၏ မိသားစုဝင်များကိုယ် တိုင် နယ်စပ်မှ တရုတ်နိုင်ငံအတွင်းပိုင်း သွားရမည့်နေရာသို့ လာရောက်ခေါ်ဆောင်ကြသည်။ ဥပမာ အလုပ်အတွက် ရွှေလီသို့လာရင် ရည်စားကိုယ်တိုင် လိမ်လည်ခြင်းခံရသော ရန်ကုန်မှ အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်သည် Henan တွင် ဇနီးမယားအဖြစ် ရောင်းစားခံခဲ့ရပြီး လင်ယောကျ်ားဖြစ်လာမည့် မသန်စွမ်းအမျိုးသား၏ ညီနှင့် မိဘများ ကိုယ်တိုင် ၄ ရက်ကြာ သွားရသော Henan သို့ ကားဖြင့် လာရောက်ခေါ်ဆောင်ခဲ့သည်။ နောက်ထပ်အမျိုးသမီးတစ်ဦး ကိုလည်း သူမ၏ လင်ယောကျ်ားဖြစ်မည့်သူ၏ ဝမ်းကွဲညီအစ်ကိုများကိုယ်တိုင် နယ်စပ်တွင် လာရောက်ခေါ်ဆောင်ခဲ့ သည်။

Guangdong သို့ ကားဖြင့် ခေါ်ဆောင်ခြင်းခံရသော အမျိုးသမီးတစ်ဦးက ရဲစစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်ချိန်တွင် သူမကို ပုန်းနေခိုင်းကြောင်း ပြောပြသည်။ Shandong ကို ကားဖြင့် ခေါ်ဆောင်ခံရသော နောက်ထပ် အမျိုးသမီးတစ်ဦး ကလည်း စစ်ဆေးရေးဂိတ်များကို ရှောင်ရှားရန် လမ်းမကြီးအစား အခြားလမ်းများကို အသုံးပြုခဲ့ကြောင်း ပြောပြ သည်။ ထို့ပြင် သူမတို့သည် လမ်းခရီးတွင် မြန်မာနိုင်ငံမှ မှောင်ခိုဝင်လာသူများအတွက် အသုံးပြုသည့် အဆောက်အအုံတစ် ခုတွင်လည်း အိပ်စက်ခဲ့ရကြောင်း ပြောပြသည်။

ရွှေလီမှ တရုတ်နိုင်ငံအတွင်းပိုင်းသို့ ကားဖြင့် ကုန်ကူးခံရသည့် အမျိုးသမီးတစ်ဦးက သူမတို့စီးလာသည့် ကားကို


တရုတ် ရဲများက နောက်ကြောင်းပြန်လှည့်ခိုင်းခဲ့သော်လည်း ၎င်းတို့သည် ရွှေလီသို့ပြန်လာပြီး အခြားကားတစ်စီးဖြင့် ပြန်သွားခဲ့ ကြောင်း ပြောသည်။

နောက်ထပ် အမျိုးသမီးတစ်ဦးသည် တရုတ်နိုင်ငံအတွင်း ၃ ရက်ကြာ ကားဖြင့် ခရီးသွားနေစဉ်အတွင်း ကားမောင်း သမားမှ သူမခရီးဆောင်အိတ်နှင့်အတူ ကားပေါ်မှဆင်းရန် ရုတ်တရက် ပြောပြီး လမ်းပေါ်တွင် ပစ်ထားခဲ့သည်။ အကြောင်း မှာ ယဉ်မောင်းဖြစ်သူသည် ရှေ့တွင် စစ်ဆေးရေးဂိတ်ကို တွေ့သောကြောင့်ဖြစ်သည်။ သူမ လမ်းပေါ်တွင် ငိုယိုနေ စဉ် ဖြတ်သွားသူတစ်ဦးက ရဲများကို အကြောင်းကြားခဲ့ပြီး ရဲစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

အမျိုးသမီးအနည်းစုက တရုတ်နိုင်ငံအတွင်း ခရီးစဉ်အချို့တွင် အိပ်စင်ပါ ဘတ်စ်ကားဖြင့် သွားခဲ့ရကြောင်း ပြောပြကြ သည်။ ဘတ်စ်ကားပေါ်တွင် မြန်မာနိုင်ငံမှ လူအများအပြား ပါဝင်ကြောင်း ထိုထဲမှ အမျိုးသမီးတစ်ဦးက ပြောပြ သည်။ နောက်ထပ်အမျိုးသမီးတစ်ဦးကလည်း သူမသည် အခြားမြန်မာအမျိုးသမီး ၆ ဦးနှင့်အတူ ဘတ်စ်ကားစီးခဲ့ရ ပြီး ရဲစစ် ဆေးရေးဂိတ်ဖြတ်ချိန်တွင် ၎င်းတို့ ၆ ဦးလုံးသည် ဘတ်စ်ကားပေါ်က အိမ်သာအနောက်ဘက်တွင်ရှိသည့် လေဝင်လေထွက် အနံ့အသက်မကောင်းသည့် ကျဉ်းကျပ်လွန်းသည့် အခန်းကျဉ်းထဲတွင် ပုန်းနေခဲ့ရကြောင်း ပြောပြ သည်။

## ဇနီးမယားအရောင်းအဝယ် ကုန်ကျစရိတ်များ

တရုတ်အမျိုးသားများဝယ်ယူသည့် ဈေးနှုန်း




ဇနီးမယားအဖြစ် လူကုန်ကူးခံရသူ အမျိုးသမီးများ၏ ၃ ပုံ ၂ ပုံခန့်သည် ၎င်းတို့ကို မည်သည့်ဈေးဖြင့် ရောင်းစားခဲ့ သည် ကို မသိကြပေ။ ပမာဏသိရသည့် အမှုများအတွက် ကုန်ကျစရိတ်အများစုမှာ ယွမ် ၁ သောင်း မှ ၆၉,ဂဂဂ

အကြား (အမေရိကန်ဒေါ်လာ ၁၃၈၀ မှ ၉၅၃၀ ကြား) ရှိကြသည်။

အမြင့်ဆုံးဈေးပမာဏမှာ ယွမ် ၅ သိန်း (အမေရိကန်ဒေါ်လာ ၆၉,၀၀၀) ဖြစ်ပြီး ရန်ကုန်မှ အသက် ၁၄ နှစ်အရွယ် မိန်းကလေးငယ်ကို Henan မှ စားဖိုမှူးတစ်ဦးမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အချို့အမျိုးသမီးများသည် ၎င်းတို့ကို ပွဲစားက တရုတ်လင်ယောကျ်ားအိမ် ရောက်ရောက်ခြင်း စာရွက်စာတမ်း တစ်ခုကို အတင်းအဓမ္မ လက်မှတ်ထိုးခိုင်းချိန်တွင် ၎င်းတို့ကို ရောင်းစားခဲ့သည့် ပမာဏကို သိရှိခဲ့ကြသည်။ စာရွက်စာတမ်းကို တရုတ်စာဖြင့် ရေးသားထားသော်လည်း စာရွက်ပေါ်ရှိ ငွေကြေးပမာဏကိုမူ ဖတ်နိုင်ခဲ့သည်။ အချို့မှာ ၎င်းတို့ရှေ့တွင် ပင် ပိုက်ဆံပေးလိုက်သည်ကို တွေ့မြင်ခဲ့သည်။

အမှုအများစုတွင် အထူးသဖြင့် အမျိုးသမီးများသည် လက်ထပ်ရန် လှည့်ဖြားခံရပါက အရောင်းအဝယ်နှင့် ပတ်သက်၍ မည်သည့်ပိုက်ဆံမျှ မရကြပေ။ ငွေလက်ခံရရှိသော အမျိုးသမီးများမှာလည်း အများအားဖြင့် ကတိပေးထား သည့် ပမာ ဏထက် လျော့နည်းစွာ ရရှိကြပြီး သဘောတူထားသည့် အချိန်ပြည့်ပြီးနောက်ပိုင်းတွင်လည်း ထွက်ခွာခွင့် မရခဲ့ကြပေ။

ဥပမာအားဖြင့် မုဆိုးမဖြစ်သော ကချင်အမျိုးသမီးငယ်တစ်ဦးသည် ကျပ်ငွေ သိန်း ၅၀ (5 million) ဖြင့် တရုတ်အမျိုး သားတစ်ဦးကို  နှစ်လကြာ လက်ထပ်ရန် သဘောတူခဲ့သော်လည်း ထိုအမျိုးသားနှင့် ၂ လကြာ နေထိုင်ပြီးနောက် ပွဲ စားသည် သူမမိသားစု ထံသို့ ကျပ်ငွေ ၂၈ သိန်းသာ ပို့ခဲ့ပြီး သူမအနေဖြင့် အနည်းဆုံး ၁ နှစ် နေရမည့်အကြောင်း သိရှိခဲ့ရသည်။

မူးယစ်ဆေးစွဲသူနှင့် လက်ထပ်ထားသည် Tangyan မြို့မှ အမျိုးသမီးတစ်ဦးသည် တရုတ်အမျိုးသားကို လက်ထ ပ်ပါက သူမ၏ အကြွေးများကိုဆပ်ရန် ယွမ် ၂ သောင်းပေးမည်ဟု ပွဲစားမှ ကတိပေးခဲ့သော်လည်း နောက်ဆုံးတွင် ပွဲစားဖြစ်သူမှ ယွမ် ၄ သောင်း ရချိန်တွင် သူမအနေဖြင့် ယွမ် ၁ သောင်းသာ ရခဲ့သည်။ သူမသည် တရုတ်ယောကျ်ား နှင့်အတူ ၆ နှစ်ကြာ နေထိုင်ခဲ့ရပြီး နောက်ဆုံးတွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ် မိန်းကလေးငယ်များပါဝင်သော အချို့အမှုအနည်းငယ်တွင် ပွဲစားများသည် မိန်းကလေးငယ် များသည် အမှန်တကယ် အလုပ်လုပ်နေကြောင်း ဟန်ဆောင်ရန်နှင့် ၎င်းတို့၏ မိသားစုများမှ ရဲများကို အကြောင်း ကြားခြင်းမှ တားဆီးရန် မိန်းကလေး၏ မိသားစုဆီသို့ ငွေအနည်းငယ် ဟန်ပြပေးပို့မှုများ ရှိခဲ့သည်။

ဥပမာအားဖြင့် Tangyan တွင် အဖွားနှင့် နေထိုင်နေသော ၁၆ နှစ်အရွယ် ရှမ်းမိန်းကလေးငယ်တစ်ဦးသည် အိမ်အကူ အလုပ်လုပ်ရန် အမျိုးသမီးငယ်နှစ်ဦး၏ ဖျားယောင်းခြင်းခံခဲ့ရပြီးနောက် Anhui ရှိ တရုတ်အမျိုးသား တစ်ယောက်ထံ ယွမ် ၁ သိန်းဖြင့် ရောင်းစားခံခဲ့ရသည်။ နောက်ပိုင်းတွင် ပွဲစားမှ အိမ်အကူ လုပ်အားခအဖြစ် သူမ၏ အဖွားဖြစ်သူထံ ကျပ်ငွေ ၁၀ သိန်းသာ ပို့ခဲ့ကြောင်း သူမမှ သိရှိခဲ့ရသည်။

နောက်ထပ် ဖြစ်ရပ်တစ်ခုတွင် ပွဲစားက အသက် ၁၇ နှစ်အရွယ် မိန်းကလေးငယ်ကို တရုတ်နိုင်ငံအတွင်းသို့ နယ်စပ်

ဖြတ်ကျော်ဝင်ရောက်ပြီးနောက် သူမ၏ မိသားစုထံ ကျပ်ငွေ ၄၁ သိန်း ပို့ခဲ့သည်။ ထို့နောက် သူမကို Henan တွင် ဇနီးမယားအဖြစ် ရောင်းစားခဲ့သည်။

အချို့အမှုအနည်းငယ်တွင် အမျိုးသမီးများကို ငွေသားဖြင့် ပေးချေပါက သူမတို့၏ တရုတ်လင်ယောကျ်ားများက အရောင်းအဝယ်ပြီးသည့်အခါ ထိုငွေများကို ပြန်ယူသွားကြသည်။ ဥပမာအားဖြင့် တရုတ်အမျိုးသားတစ်ယောက်ကို တစ်လအတွက် ယွမ် ၆ ထောင်ဖြင့် လက်ထပ်ရန် သဘောတူခဲ့သော ရန်ကုန်မှ အမျိုးသမီးတစ်ဦးသည် ကနဦးတွင် ပွဲစားဆီ (ငွေ ၆ ထောင်ရသည်ကို မျက်မြင်တွေ့ရှိသူ) မှ ထိုငွေပမာဏကို လက်ခံရရှိခဲ့သော်လည်း တရုတ်အမျိုးသားက သူမအား ဟော်တယ်သို့ခေါ်သွားကာ သူမနှင့်အတူ အိပ်ပြီးနောက် ထိုပိုက်ဆံကို သူမဆီမှ ပြန်ယူသွားခဲ့သည်။

တခါတရံ အမျိုးသမီးများသည် လူကုန်ကူးမှုတွင် တရုတ်လင်ယောကျ်ားများ ကုန်ကျခဲ့သည့် စရိတ်များကို ပြန်လည်ပေးဆပ်ကြရသည်။ ကျပ် ၁၀ သန်းဖြင့် တရုတ်အမျိုးသားတစ်ဦးကို လက်ထပ်ရန် သဘောတူခဲ့သည် ကချင်အမျိုးသမီး တစ်ဦးသည် သူမနေအိမ်မှ မထွက်ခွာမီ ထိုငွေပမာဏကို ရရှိခဲ့သော်လည်း (ထိုငွေများကို မိဘများဆုံးပါးစဉ်ကတည်းက ထောက်ပံ့ပေးခဲ့သော သူမ၏ ညီငယ်ညီမငယ်များကို ပေးခဲ့သည်) Sichuan သို့ ရောက်ရှိပြီးနောက် သူမကို လက်ထပ်ရန် ကုန်ကျခဲ့သည့် ကျပ်ငွေ သန်း ၃၀ ကို ပြန်ပေးရန် အလုပ်လုပ်ရမည့်အကြောင်း တရုတ်လင်ယောကျ်ားဖြစ်သူက ပြောခဲ့သည်။ သူမသည် လမ်းဆောက်လုပ်ရေးအလုပ်တွင် တစ်ရက် ယွမ် ၂၀၀ ဖြင့် အလုပ်လုပ်ခဲ့ရ ပြီး ရသမျှငွေအား လင်ယောကျ်ားဖြစ်သူထံ ပြန်ပေးခဲ့ရသည်။

## တရုတ်လင်ယောကျ်ားများ၏ ပြုမူဆက်ဆံပုံ

*"တရုတ်ယောကျ်ားက အသက် ၃၈ နှစ်ရှိပြီ။ သူက အထည်ချုပ်စက်ရုံမှာလုပ်တာ။ သူက သူ့အမေ အဖေနဲ့အတူ အိမ်မှာနေတယ်။ ကျမ အိမ်ကိုရောက်ပြီး ပထမလမှာ ကျမ ကောင်းကောင်းစားရတယ်။ ဘာမှလည်း လုပ်စရာမလိုဘူး။ ဒါပေမဲ့ ဖုန်းတော့ သုံးခွင့်မရှိဘူး။ တကယ်လို့ ဖုန်းပြောချင်တယ်ဆိုရင် ကျမက ကျမတရုတ်ယောကျ်ားရဲ့ဖုန်းကို သုံးရတယ်။ ပွဲစား မ..... က ကျမအဖေရဲ့ Wechat အကောက်ပို့ပေးတယ်ဆိုတော့ ယောကျ်ားအကောက်ကနေ အဖေနဲ့ စကား ပြောရတယ်။ ၂ လလောက်ကြာတော့ ပွဲစား မ.... က ပြောတယ်။ ကျမအဖေဆီကို ကျပ် ၄ သန်း သူလွှဲလိုက်ပြီတဲ့။ ဒါပေမဲ့ ကျမအဖေကိုမေးကြည့်တော့ သူက ကျပ် ၂ သန်းပဲ ရတယ်လို့ပြောတယ်။*

*ပြီးတော့ ကျမ တရုတ်ယောကျ်ားက အရက်ခဏခဏ စပြီး သောက်လာတယ်။ ပြီးတော့ ကျမကို ကိုယ်ထိလက် ရောက် နှိပ်စက်လာတယ်။ ကျမလက်ကိုလည်း ဓားနဲ့ ခုတ်တယ်၊ အရိုးကျိုးတဲ့အထိ ခေါင်းတွေရော၊ တခြားနေရာတွေ ရော ရိုက်တယ်။ တစ်ရက်ကိုဆိုရင် ခေါက်ဆွဲတပွဲပဲ ကျွေးတယ်။ ကျမက သူတို့ရေတ်ခင်းမှာ အလုပ်လုပ်ရတယ်။ ကျမ က သူတို့ တရုတ်မိသားစုအတွက် ချက်ပြုတ်ရပေမယ့် သူတို့ဟာတွေကို စားခွင့်မရှိဘူး။*

*အဲဒီနောက်ပိုင်း ကျမ တရုတ်ယောကျ်ားရဲ့ Wechat ကနေတဆင့် ပွဲစား မ.... ကို ဆက်သွယ်ပြီး ကျမကို တခြား အိမ်ကို ပြောင်းပေးပါလားလို့ မေးတော့ သူ ကျမကို block လိုက်တယ်။ ကျမတရုတ်ယောကျ်ားရဲ့ မိဘတွေလည်း*

*ကျမကို ကိုယ်ထိလက်ရောက် စော်ကားတယ်။ သူ့အမေက ကျမကို တံမြက်စည်းနဲ့ရိုက်တယ်။ ကျမ တရုတ်ယောကျာ်း က ကျမကို ပလာယာနဲ့ ထိုးပြီး ဒူးကိုလည်း ဓားနဲ့ လှီးတယ်။ သွေးအရမ်းထွက်တော့ ကျမကို ဆေးခန်းခေါ်သွားရတယ်။ ပထမတော့ ဆေးခန်းက ကျမဒဏ်ရာကို မချုပ်ပေးချင်ဘူး။ ဒါပေမဲ့ တရုတ်မိသားစုက ပိုက်ဆံပေးမှ လုပ်ပေးတယ်။ အဲဒီတချိန်ကလွဲပြီး ကျမနေမကောင်းရင် တခါမှ ဆေးရုံမသွားရဘူး။ အိမ်မှာ ကျမတရုတ်ယောကျာ်းရဲ့ အဖေနဲ့ နှစ် ယောက်တည်းကျန်တဲ့အချိန်တိုင်း သူက ကျမကို မုဒိမ်းကျင့်ဖို့ ကြိုးစားတော့ အခန်းတံခါးပိတ်ပြီး နေရတယ်။*

*ကျမ တရုတ်ယောကျာ်းနဲ့ ၃ ကြိမ်လောက် အိပ်ပြီးနောက်ပိုင်းမှာ  သူက အရမ်းအကြမ်းဖက်တော့ အခန်းတံခါး သော့ခတ်နေခဲ့ရတယ်။ ဘယ်လောက်အကြမ်းဖက်လဲဆို ကျမကိုယ်ကျမ အဆိပ်သောက်သေခါနီးအထိပဲ။ ဒါပေမဲ့ ကျမ မိဘတွေနဲ့ အစ်ကိုတွေ စိတ်ထိခိုက်မှာတွေးမိပြီး မလုပ်ဖြစ်ခဲ့ဘူး။ ၇ လလောက် နှိပ်စက်ခံရပြီးတော့ ၃ ထပ် တံခါးပေါက် ကနေ ကျမ ခုန်ချပြီး လမ်းပေါ်မှာ ၁ နာရီနီးပါးလောက် လျှောက်ခဲ့တယ်။ ခြေထောက်တွေလည်း အရမ်းနာပြီးကိုယ့် ခြေထောက်ကိုယ် မသယ်နိုင်လောက်အောင် ပင်ပန်းတယ်။ အဲဒီမှာ လမ်းမှာဖြတ်သွားတဲ့ လယ်သမားအိုတစ်ယောက်ဆီ အကူအညီတောင်းတော့ သူက ကျမကို သူ့ဆိုင်ကယ်နဲ့ ရဲစခန်းကို ပို့ပေးတယ်။ တရုတ်ရဲက ဘာသာပြန်နဲ့ ကျမကို မေးခွန်းတွေ မေးတယ်။ အဲဒါပြီးတော့ ကျမကို တရုတ်ထောင်ပို့ပြီး အဲဒီမှာ ရက် ၂၀ လောက် နေခဲ့ရတယ်။ ကျမ ကြား တာကတော့ ရဲတွေက အဲဒီတရုတ်အမျိုးသားအိမ်ကို သွားပြီး အိမ်တွင်းအကြမ်းဖက်မှုကျူးလွန်လို့ ဖမ်းပြီး ဒဏ်ငွေရိုက် ခဲ့တယ်လို့ ပြောတယ်။ ပြီးတော့ ရဲတွေက ကျမကို လေယာဉ်နဲ့ခေါ်သွားပြီး မူဆယ်ဘက်က နယ်စပ်ကို ကားနဲ့ ပြန်ပို့ခဲ့ တယ်”*

*-၂၀၁၉ ခုနှစ်တွင် လူကုန်ကူးခံရသော ရန်ကုန်မှ အသက် ၁၈ နှစ်အရွယ် ရှင်သန်လွတ်မြောက်သူ၏ ထွက်ဆိုချက်*

ဇနီးမယားအဖြစ် အတင်းအဓမ္မ လူကုန်ကူးခံရသည့် အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ ဖြစ်စဉ်တိုင်းလိုလိုတွင် ၎င်းတို့၏ လင်ယောကျာ်းအိမ်သို့ ရောက်ပြီးနောက်ပိုင်းတွင် အိမ်တွင်းမှ အိမ်ပြင်ပေးမထွက်ပဲ မကြာခဏ သော့ခတ်ခံကြရပြီး ဖုန်းအသုံးပြုခွင့် လုံး၀ မရကြပေ။ အကယ်၍ အပြင်ထွက်မည်ဆိုပါကလည်း ၎င်းတို့ကို အနီးကပ် စောင့်ကြည့်နေသည့် မိသားစု၀င်တဦးဦးနှင့် အမြဲတမ်း သွားကြရသည်။

အတင်းအဓမ္မရောင်းစားခံရသည့် ဇနီးမယားအများစုသည် သန့်ရှင်းရေးနှင့် ချက်ပြုတ်ရေးကဲ့သို့သော အိမ်အလုပ်များကို လုပ်ကြရသည်။ အကယ်၍ လယ်ခင်းထဲတွင် နေသူဖြစ်ပါက လယ်အလုပ်ကိုလည်း ကူညီကြရသည်။ အကယ်၍ လင်ယောကျာ်းဖြစ်သူက အိမ်တွင်းစီးပွားရေးလုပ်သူဖြစ်ပါက ထိုအလုပ်တွင် ၀ိုင်းကူရသည်။ အမျိုးသမီးအများပြားက အစားအသောက် ၀၀လင်လင် မစားရကြောင်း (သို့မဟုတ်) မြန်မာပြည်၏ အဓိက အစားအစာဖြစ်သည့် ထမင်းကို မစား ရ၍ ဒုက္ခရောက်ခဲ့ကြကြောင်း ပြောပြကြသည်။

ရောင်းစားခံရသည့် ဇနီးမယား၏ အဓိက အရေးကြီးဆုံးတာ၀န်မှာ ၎င်းတို့၏ ယောကျာ်းများနှင့် အတူအိပ်ရခြင်းဖြစ်သည်။ အမျိုးသမီးများ အိမ်သို့ ရောက်ရောက်ခြင်း ထိုတာ၀န်ကို အများအားဖြင့် လုပ်ကြရသည်။ အကယ်၍ အမျိုးသမီး များက ငြင်းဆိုပါက လက်ခံသည်အထိ ရိုက်နှက်ခံကြရသည်။ အချို့အမျိုးသားများမှာ ပို၍ ရက်စက်ကြသည်။

အမျိုးသမီးများကို ရိုက်နှက်ရုံသာမက ဓားများ (သို့မဟုတ်) အခြားပစ္စည်းတခုခုဖြင့် ဒဏ်ရာအပြင်းအထန်ရသည် အထိ နာကျင်အောင် လုပ်ဆောင်ကြသည်။ အချို့အမျိုးသမီးများ၏ ပြောပြချက်အရ လိင်ဆက်ဆံမှုကို ငြင်းဆိုပါက တရုတ် ယောကျ်ား၏ မိဘများကလည်း ရိုက်နှက်ခဲ့ကြသည်။

ဖြစ်စဥ်တစ်ခုတွင် လူကုန်ကူးခံရသူ အမျိုးသမီးက တရုတ်ယောကျ်ားနှင့် လိင်ဆက်ဆံရန် ငြင်းဆိုပါက သူမတို့အိမ်နှင့် အိမ် ၃-၄ အိမ်ခြားတွင် နေထိုင်သော တရုတ်ယောကျ်ားနှင့် လက်ထပ်ထားသည့် မြန်မာပွဲစားကလည်း ရောက်လာ ပြီး သူမအား ပါးရိုက်ခဲ့သည်ဟု ဆိုသည်။

အမျိုးသမီးအများအပြား၏ ပြောပြချက်အရ ၎င်းတို့ကိုယ်ဝန်ရရန်အတွက် ၎င်းတို့၏ တရုတ်ယောကျားများသည် ဆေးဝါးများ သောက်ခိုင်းခဲ့သည်ဟု သိရသည်။

အချို့ရှားပါးသည့် ဖြစ်ရပ်အချို့တွင်သာ တရုတ်ယောကျ်ားများသည် ဇနီးမယားများကို အတင်းအကြပ်မလုပ်ခဲ့သည့် အခြေ အနေများရှိသည်။ ဥပမာအားဖြင့် ရန်ကုန်မှ Henan သို့ လူကုန်ကူးခံရသော အမျိုးသမီးငယ်တစ်ဦးသည် တရုတ် အမျိုးသမီးတစ်ဦးထံ ၎င်းသားအတွက် ယွမ် ၂ သိန်းဖြင့် ရောင်းစားခံခဲ့ရသည်။ ထိုတရုတ်အမျိုးသမီးသည် ၎င်း နေအိမ် တွင် မူကြိုကျောင်းဖွင့်ထားပြီး နေ့ခင်းဘက်တွင် ထိုကျောင်းကို သန့်ရှင်းရေးလုပ်ခိုင်းပြီးနှင့် ညဘက်တွင် ၎င်းသား နှင့် အတူအိပ်ခိုင်းခဲ့သည်။ သူမအနေဖြင့် ငြင်းဆိုခဲ့ပြီး အဆောက်အဦး၏ ၄ ထပ်မြောက်မှ ခုန်ချကာ ခြေထောက်ကျိုး သည် အထိ အကြိမ်ကြိမ် ထွက်ပြေးရန် ကြိုးစားခဲ့သည်။ သားဖြစ်သူနှင့် အတူမအိပ်ပဲ ထိုနေရာတွင် ၈ လအထိ နေခဲ့ သည်။ သားဖြစ်သူနှင့်အိပ်ရန် လက်ခံမခံ နောက်ဆုံးအကြိမ်အဖြစ် မိခင်ဖြစ်သူက မေးခဲ့ပြီးနောက် အမျိုးသမီး ဖြစ်သူ အား ရဲစခန်းသို့ပို့ပြီး မြန်မာပြည်သို့ ပြန်ခွင့်ပေးခဲ့သည်။

အတင်းအကြပ် လိင်ဆက်ဆံခိုင်းပြီး ငြင်းဆိုပါက ရိုက်နှက်ခံရသည့်အပြင် အမျိုးသမီးအများအပြားသည် အိမ်မှုကိစ္စ များကို ၎င်းတို့စိတ်တိုင်းကျသည်အထိ မလုပ်ဆောင်နိုင်ပါက လင်ယောကျ်ားဖြစ်သူနှင့် ယောက္ခမများ၏ ရိုက်နှက် ခြင်း ကိုလည်း ခံကြရသည်။ ဥပမာအားဖြင့် အသက် ၃၅ နှစ်အရွယ် ပြောင်းစိုက်လယ်သမားတစ်ဦး၏ ဇနီးမယားအ ဖြစ် အတင်းအကြပ် ရောင်းစားခံခဲ့ရသူ မကွေးမှ အသက် ၁၈ နှစ်အရွယ် မိန်းကလေးက သူမအနေဖြင့် ၎င်းတို့ စိတ်ကြိုက် အစားအစာများ မချက်တတ်သည့်အခါနှင့် လယ်ယာ လုပ်နည်းလုပ်ဟန် မသိသည့်အခါ တရုတ်လင် ယောကျ်ား အပါအဝင် ၎င်း၏ မိဘများနှင့် ၎င်း၏ အစ်ကိုမိသားစုများ၏ ပါးရိုက်ခြင်း၊ ကန်ကျောက်ခြင်းနှင့် ဆံပင် ဆောင့်ဆွဲခြင်းတို့ ကို ခံရကြောင်း ပြောပြသည်။

တခါတရံ အမျိုးသမီးများ ခံစားရသည့် ဒဏ်ရာများမှာ အသက်အန္တရာယ်ထိခိုက်သည်အထိ ရှိသည်။ အမျိုးသမီး တစ်ဦး သည် Shantong ရှိ စား သောက်ဆိုင်ပိုင်ရှင် လင်ယောကျ်ားဖြစ်သူက ၎င်းကိုယ်ပေါ်တွင် အရက်လောင်းချ ကာ ကိုယ့်ကိုယ်ကိုယ် မီးရှို့ပြီး သူမဆီသို့ ပြေးလာသောကြောင့် သူမ အသက်သေခါနီးအထိ ကြုံတွေ့ခဲ့ရသည်။ ထို လင် ယောကျ်ားဖြစ်သူမှာ မီးလောင်ဒဏ်ရာများကြောင့် သေဆုံးခဲ့ပြီး သူမသည်လည်း ဆိုးဝါးသည့် မီးလောင်ဒဏ်ရာ များ ရရှိခဲ့ခြင်းကြောင့် တစ်နှစ်ခန့်အထိ ဆေးရုံတက်ခဲ့ရသည်။

# တရုတ်လူ့အသိုင်းဝိုင်း၏ ဇနီးမယားကုန်ကူးမှုအပေါ် လက်ခံအားပေးမှု

ရှင်သန်လွတ်မြောက်လာသူများ၏ သက်သေထွက်ဆိုချက်များအရ တရုတ်လင်ယောကျ်ားများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ရောင်းစားခံရသူ ဇနီးမယားများကို ဖမ်းဆီးချုပ်နှောင်ကာ အကြမ်းဖက်နှိပ်စက်ရန် ဝန်လေးခြင်းမရှိသကဲ့သို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ထိုအခြေအနေများကို လက်ခံထားကြောင်း ထင်ရှားစွာ တွေ့ရသည်။

အတင်းအကြပ် ရောင်းစားခံရသူ အမျိုးသမီးများအပေါ် ရက်ရက်စက်စက် ပြုမူဆက်ဆံမှုသည် အိမ်နီးချင်းများ (သို့မဟုတ်) အခြားလူများရှေ့တွင် သိသိသာသာ မြင်ရသော လုပ်ရပ်များဖြစ်သည်။ ဥပမာအားဖြင့် စားသောက်ဆိုင်ပိုင်ရှင် တရုတ်အမျိုးသား၏ ဇနီးဖြစ်သူသည် စားသောက်ဆိုင်အတွင်း ဧည့်သည်များရှေ့တွင် မကြာခဏ ရိုက်နှက်ခံခဲ့ရသည်။ သို့သော်လည်း လွတ်မြောက်လာသူ အမျိုးသမီးများ၏ ထွက်ဆိုချက်များတွင် အိမ်နီးချင်း (သို့မဟုတ်) တွေ့ မြင်သူများက သူမတို့အား ဝင်ရောက်ကူညီကြောင်း (သို့မဟုတ်) ထိုနှိပ်စက်မှုများကို အာဏာပိုင်များသို့ တိုင်ကြားပေးကြောင်းကို မည်သူမှ ထည့်သွင်းပြောကြားခြင်း မရှိကြပေ။

နောက်ထပ် ထင်ရှားသော အချက်တစ်ခုမှာ ဇနီးမယားအဖြစ် ရောင်းစားခံရသူ အမျိုးသမီးအများစုသည် အစိုးရ (သို့မဟုတ်) ပုဂလိက ကျန်းမာရေး ဝန်ဆောင်မှုများယူရန်အတွက် မဖြစ်မနေ လိုအပ်သည့် တရားဝင် အိမ်ထောင်စုစာရင်း အထောက်အထားများ မရှိသော်လည်း ဖျားနာခြင်း၊ ဒဏ်ရာရခြင်းတို့ကြောင့် ဆေးရုံသွားသည့်အခါ (သို့မဟုတ်) ဆေးရုံသို့ ပို့ဆောင်ခံရသည့်အခါ ဆေးဝါးကုသမှုကို ခံယူနိုင်ခဲ့သည်။


အမျိုးသမီးများသည် ကျန်းမာရေးစောင့်ရှောက်မှုရ၍ ကံကောင်းသည်ဟု ဆိုနိုင်သော်လည်း ဤသို့ တရားဝင်အချက်အလက်မရှိပဲ ဝန်ဆောင်မှုရယူနိုင်ရန်အတွက် ညှိနှိုင်းရန် အမျိုးသမီးများသည် ၎င်းတို့၏ တရုတ်လင်ယောကျ်ားများအပေါ် အမြဲတမ်း အားကိုးခဲ့ကြရသည်။ ထို့ပြင် "မှတ်တမ်းမဲ့" (off the record) ကျန်းမာရေးစောင့်ရှောက်မှုသည် နှိပ်စက်အကြမ်းဖက်မှုများကို ရဲတိုင်ရန် သက်သေအထောက်အထားမဲ့စေသည်။ လင်ယောကျ်ားဖြစ်သူကြောင့် ရခဲ့သည့် ဓားဒဏ်ရာများကို ချုပ်ရန် ဆေးခန်းသွားခဲ့သည့် အမျိုးသမီးတစ်ဦး၏ ဖြစ်ရပ်တစ်ခုကို ကြည့်ခြင်းအားဖြင့် ဤအချက် ကို ရှင်းလင်းစွာ တွေ့မြင်ရသည်။ ထိုအချိန်တွင် လင်ယောကျ်ားဖြစ်သူ၏ အနိုင်ကျင့်နှိပ်စက်မှုကို အားပေးအား မြှောက်ပြုသလို ဖြစ်မည်စိုး၍ ဆေးခန်းက သူမကို ကုသပေးရန် အလွန်ဝန်လေးခဲ့ကြောင်း ထိုအမျိုးသမီးက ပြောပြသည်။

ထို့ပြင် မိခင်ဖြစ်သူတွင် တရားဝင် အိမ်ထောင်စုစာရွက်စာတမ်း မရှိသော်လည်း တရုတ်လင်ယောကျ်ားများနှင့် မွေးထား သည့် ကလေးများအားလုံးသည် တရုတ်နိုင်ငံသားအဖြစ် မှတ်ပုံတင်နိုင်ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကလေးမွေးစာရင်းလုပ်ခြင်းကို လာဘ်ပေးလာဘ်ယူမှုမှတဆင့် လွယ်လွယ်ကူကူ လုပ်

ဆောင်နိုင်ကြောင်း သိသာနေသော်လည်း ပြည်နယ်အများအပြားတွင် ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေ ခြင်းသည် နိုင်ငံတဝှမ်းရှိ ဒေသခံ တရုတ်အာဏာပိုင်များသည် နိုင်ငံခြားမှ ဇနီးမယားကုန်ကူးမှုကို မျက်ကွယ်ပြုထားကြောင်း ထင်ရှားသည်။

တရုတ်နိုင်ငံတွင်း နေထိုင်ခဲ့ရသည့် ကာလ




ဤတရုတ်နိုင်ငံတွင်း လူကုန်ကူးမှုမှ လွတ်မြောက်လာသူများ နေထိုင်ခဲ့သည့်ကာလပြဇယားအရ လူကုန်ကူးခံရသူများ၏ ၃ ပုံ ၁ ပုံလောက်သာ တရုတ်လင်ယောကျ်ားများနှင့် အနည်းဆုံး ၁ နှစ်ခန့် လက်ထပ်ပြီးမှသာ ထွက်ပြေးလွတ်မြောက် ကြကြောင်း ပြသနေသည်။ အမျိုးသမီး ၂၅ ဦးမှာ အတင်းအဓမ္မလက်ထပ်ခံရပြီး အနည်းဆုံး ၅ နှစ်ကြာမှသာ ထွက်ပြေး လွတ်မြောက်နိုင်ကြပြီး ထိုထဲတွင် အိမ်ထောင်သက် ၁၀ နှစ်မှ ၁၈ နှစ်ကြားရှိမှသာ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည့် အမျိုးသမီး ၆ ဦးလည်း ပါဝင်သည်။

# ထွက်ပြေးလွတ်မြောက်သည့် နည်းလမ်းများ

မြန်မာနိုင်ငံအတွင်း သယ်ယူပို့ဆောင်စဉ် ကယ်ဆယ်ခံရခြင်း (သို့) ထွက်ပြေးလွတ်မြောက်ခြင်း

အချို့သော အမျိုးသမီးများမှာမူ နယ်စပ်ရောက်ချိန်တွင် ပွဲစားများအပေါ် မသင်္ကာဖြစ်လာပြီး တိတ်တဆိတ် ပြန်ထွက်ပြေးခဲ့သောကြောင့် ကံကောင်းထောက်မစွာဖြင့် နယ်စပ်မဖြတ်မီ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

နယ်စပ်မဖြတ်မီ မြန်မာလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ (ATTF) ၏ ကယ်ဆယ်ခံရသူ အမျိုးသမီး အများအပြားလည်း ရှိသည်။ သတင်းရ၍ ဖြစ်စေ၊ ပွဲစားများကို ယခင်ကတည်း စောင့်ကြည့်နေပြီးသားကြောင့်ဖြစ်စေ ရဲများသည် ပွဲစားများက ၎င်းတို့နေရာများတွင် (သို့မဟုတ်) လမ်းပေါ်တွင် အမျိုးသမီးများကို နယ်စပ်ဖြတ်ကျော် ခေါ်ဆောင်ရန် ပြင်ဆင်နေစဉ် အတွင်း ၎င်းတို့ကို ဖမ်းဆီးနိုင်ခဲ့သည်။

တရုတ်နိုင်ငံအတွင်း သယ်ယူပို့ဆောင်စဉ် ကယ်ဆယ်ခံရခြင်း (သို့) ထွက်ပြေးလွတ်မြောက်ခြင်း

အချို့အမျိုးသမီးများမှာ တရုတ်နိုင်ငံအတွင်းသို့ ဖြတ်သန်းဝင်ရောက်နေစဉ်အတွင်း လူကုန်ကူးသူများလက်ထဲမှ ထွက်ပြေးလွတ်မြောက်သူများရှိသကဲ့သို့ ရဲများ၏ ကယ်ဆယ်ခံရသူများလည်း ရှိသည်။

အချို့မှာ နောက်ထပ် ပွဲစားအသစ်ထံသို့ လက်လွှဲခံရချိန်တွင် ကြောက်လန့်သောကြောင့် ရွှေလီသို့ မဖြတ်ကျော်မီ ပြန်ထွက်ပြေးခဲ့ကြသည်။ အချို့မှာ တရုတ်နိုင်ငံအတွင်းပိုင်းကျသည့် နေရာများသို့ ကုန်ကူးပို့ဆောင်နေစဉ်အတွင်း ရဲတပ် ဖွဲ့မှ ကယ်ဆယ်ခြင်းခံခဲ့ရသည်။

Henan သို့ လူကုန်ကူးခံရသည့် အမျိုးသမီးတစ်ဦးသည် သူမအား တရုတ်လင်ယောကျ်ားဆီသို့ ရောင်းချရန် ပွဲစားမှ စျေးညှိနှိုင်းနေစဉ်အတွင်း သူမအား အခန်းထဲတွင် သော့ခတ်ထားခြင်းကြောင့် ဖုန်းအသုံးပြုခွင့်ရခဲ့ပြီး တရုတ်ရဲ အရေးပေါ်ဖုန်း ၁၁၀ ကို ဆက်သွယ်နိုင်ခဲ့သည်။ ရဲတပ်ဖွဲ့က သူမအား Tiktok မှတဆင့် သူမတည်နေရာကို ပို့နိုင်းသည်။ ထို့နောက် ရဲတပ်ဖွဲ့မှ ပွဲစားအား ဖမ်းဆီးခဲ့ကာ သူမအား ကယ်ဆယ်နိုင်ခဲ့သည်။

နောက်ထပ် အမျိုးသမီးတစ်ဦးမှာ ပွဲစားမှ သူမအား ရောင်းစားရန် စီစဉ်နေသည့် ကာလအတွင်း ကူမင်းမြို့အနီး မြို့တစ်မြို့၏ တိုက်ခန်းတစ်ခုတွင် တစ်လကျော် သော့ပိတ်ခံထားခဲ့ရချိန်တွင် ရဲတပ်ဖွဲ့၏ ကယ်ဆယ်ခြင်းကို ခံခဲ့ရသည်။ ထိုသို့ လွတ်မြောက်ခဲ့ရခြင်းမှာ ထိုပွဲစားထံမှ လူကုန်ကူးခံရသည့် နောက်ထပ်အမျိုးသမီးတစ်ဦးက ရဲစခန်းသို့ ထွက်ပြေးနိုင်ခဲ့ ပြီးနောက် ရဲများက သူမတို့ကိုထားသည့် တိုက်ခန်းကို ဝင်စီးခဲ့ခြင်းကြောင့် ကံကောင်းစွာဖြင့် လွတ်မြောက် လာခြင်း ဖြစ်သည်။

## တရုတ်လင်ယောကျ်ားနေအိမ်မှ ကယ်ဆယ်ခံရခြင်း (သို့) ထွက်ပြေးလွတ်မြောက်ခြင်း

### တရုတ်ရဲတပ်ဖွဲ့များ၏ အကူအညီဖြင့် ထွက်ပြေးလွတ်မြောက်ခြင်း

- တရုတ်ရဲတပ်ဖွဲ့ထံသို့ ထွက်ပြေးအဖမ်းခံခြင်း

အတင်းအဓမ္မ လက်ထပ်ခြင်းမှ လွတ်မြောက်ရန်အတွက် အသုံးများသည့် နည်းလမ်းမှာ ရဲများကို အကူအညီတောင်းရန် တရုတ်လင်ယောကျ်ားအိမ်မှ ထွက်ပြေးခြင်းပင်ဖြစ်သည်။ အချို့ အမျိုးသမီးများမှ ၎င်းတို့လင်ယောကျ်ားအိမ်သို့ ရောက် ရောက်ချင်း ထွက်ပြေးနိုင်ကြသော်လည်း အချို့မှာမူ နှစ်ပေါင်းများစွာ ဖမ်းဆီးချုပ်နှောင်ခံရပြီးမှ ထွက်ပြေး နိုင်ခဲ့ကြသည်။ ဥပမာ- လွတ်မြောက်လာသူ အမျိုးသမီးက သူမသည် အချိန် ၂ နှစ်ခွဲကျော်အကြာတွင် တရုတ်စကား ပြောတတ် မြောက်ချိန်မှသာ ထွက်ပြေးရဲခဲ့ကြောင်း ပြောပြသည်။

အမျိုးသမီးများသည် အိမ်တွင် အခန်းသော့ပိတ်ခံရခြင်း (သို့မဟုတ်) အနီးကပ်စောင့်ကြည့်ခံထားရခြင်းတို့ကြောင့် ညအချိန် (သို့မဟုတ်) အိမ်တွင် တစ်ယောက်တည်း ကျန်နေသည့် အချိန်ကဲ့သို့ ထွက်ပြေးနိုင်မည့် အချိန်ကောင်းကို စောင့်ခဲ့ရသည်။ အချို့မှာ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသူများရှိပြီး အပေါ်ထပ်မှ ခုန်ချသူများမှာမူ ဒဏ်ရာများ ရရှိခဲ့သည်။

အိမ်ထဲမှ ထွက်ပြေးလာပြီးနောက် အမျိုးသမီးများသည် အများအားဖြင့် ရဲများကို ဆက်သွယ်ရန် ကူညီပေးမည့် ကိုယ်ချင်းစာတတ်သူ လမ်းသွားလမ်းလာများကို ရှာဖွေရန် ဝေးလံစွာ လမ်းလျှောက်ခဲ့ရသည်။

အချို့အမျိုးသမီးများမှာမူ နောက်ဆုံး ၎င်းတို့ကို အိမ်အပြင်ထွက်ခွင့် ပေးခဲ့ချိန်တွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ဥပမာ- အမျိုးသမီးတစ်ဦးသည် အိမ်ထဲတွင် ၅ ပတ်ကြာ နေပြီးနောက် သူမအမျိုးသားနှင့် ဈေးဝယ်ထွက်ခွင့် ရချိန်တွင် အနီးနားရှိ ရဲစခန်းသို့ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည်။

သို့သော်လည်း အမျိုးသမီးအများအပြားသည် ထွက်ပြေးစဉ်အတွင်း ၎င်းတို့၏ တရုတ်လင်ယောကျ်ားများ (သို့မဟုတ်) ယောက္ခမများက ပြန်လည်ဖမ်းမိခဲ့၍ ရိုက်နက်ခြင်း (သို့မဟုတ်) တင်းကြပ်စွာ ချုပ်နှောင်ခြင်းတို့ဖြင့် အပြစ်ပေးခံခဲ့ရသည်။ အချို့ဖြစ်ရပ်များတွင် လင်ယောကျ်ားဖြစ်သူသည် ရဲများနှင့်ပေါင်းထားသောကြောင့် အမျိုးသမီးများ ရဲစခန်းရောက်လာသည့်အခါ ရဲများက သူမအား လင်ယောကျ်ားဆီသို့သာ ပြန်ပို့ခဲ့သည်။ အမျိုးသမီးတစ်ဦးက သူမ ယောကျ်ားသည် သူမကို အိမ်ပြန်ပို့ရန်အတွက် ရဲများကို လာဘ်ထိုးခဲ့ကြောင်း ပြောပြသည်။

အမျိုးသမီးတစ်ဦးမှာမူ တက္ကစီစီးကာ အိမ်မှ ထွက်ပြေးရန် ကြိုးစားခဲ့သော်လည်း အိမ်ရှေ့တွင် တပ်ထားသောမိသားစု၏ CCTV မှ တက္ကစီနံပါတ်ကို ခြေရာခံနိုင်ခဲ့သည်။ သူမယောကျ်ားသည် ရဲစခန်းသို့သွားခဲ့ပြီး ရဲများက တက္ကစီကို ခြေရာခံခဲ့၍ နယ်စပ်ပြန်သွားရန် ဘတ်စ်ကားဂိတ်တွင် ရောက်ရှိနေသည့် သူမကို ပြန်လည်ဖမ်းမိခဲ့သည်။ ထို့နောက် ရဲများက သူမအား သူမယောကျ်ား၏ အုပ်ထိန်းမှုအောက်သို့ ပြန်ပို့ခဲ့သည်။

- ဖုန်းဖြင့် အကူအညီတောင်းခြင်း

အချို့အမျိုးသမီးများမှာ ရဲများကို ဖုန်းမှတဆင့် အကူအညီတောင်းခံရာမှ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည်။ ယင်းမှာ အများအားဖြင့် သူမတို့၏ မိသားစု (သို့မဟုတ်) သူငယ်ချင်းများကို လူမှုကွန်ယက်စာမျက်နှာတွင် ဆက်သွယ်ပြီး ထိုမိသားစုဝင် သူငယ်ချင်းများက တရုတ်ရဲများက ကူညီကယ်ဆယ်နိုင်ရန်အတွက် မြန်မာရဲများ (သို့မဟုတ်) တရုတ်နိုင်ငံရှိ မြန်မာသံရုံးကို ဆက်သွယ်ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ဥပမာ- မကွေးမှ အမျိုးသမီးတစ်ဦးသည် သူမယောကျ်ား၏ ဖုန်းတွင် ဖေ့ဘွတ်သုံးခွင့်ရခဲ့ပြီး ထိုမှတဆင့် မြန်မာနိုင်ငံရှိ သူမ မိသားစုများနှင့် ဆက်သွယ်နိုင်ခဲ့သည်။ မိသားစုမှ သူမယောကျ်ား၏ မှတ်ပုံတင်၊ အိမ်နှင့် ဘေးပတ်ဝန်းကျင်ကို ဓာတ်ပုံရိုက်ပို့ခိုင်းခဲ့ပြီး တရုတ်နိုင်ငံရှိ ရဲများနှင့် ဆက်သွယ်ရန် မြန်မာရဲတပ်ဖွဲ့ကို ချိတ်ဆက်ခဲ့သည်။ ထို့နောက် တရုတ် ရဲတပ် ဖွဲ့မှ သူမအား လာရောက်ကယ်ဆယ်နိုင်ခဲ့သည်။ သို့သော် သူမယောကျ်ားသည် ၎င်းဖုန်းထဲမှ သူမ ၏ မက်ဆေ့များကို သဲလွန်စ တွေ့ခဲ့ခြင်းကြောင့် ပထမအကြိမ် ရဲများ လာရောက်ချိန်တွင် သူမအား ၎င်း၏ ဆွေးမျိုးအိမ် တွင် ဝှက်ထားခြင်းကြောင့် ဒုတိယအကြိမ်ရောက်မှသာ သူမကို ကယ်ဆယ်နိုင်ခဲ့သည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် Henan သို့ ကုန်ကူးခံခဲ့ရသည့် ရန်ကုန်မှ အမျိုးသမီးတစ်ဦးသည် လူမှုကွန်ယက်ပေါ်တွင် သူငယ်ချင်းတစ်ဦးနှင့် သိကျွမ်းခဲ့ပြီး ထိုသူငယ်ချင်းမှ တရုတ်နိုင်ငံရှိ မြန်မာသံရုံးနှင့် သူမအား ချိတ်ဆက်ပေး

ခဲ့သည်။ သံရုံး တာဝန်ရှိသူများက သူမတရုတ်အမျိုးသား၏ မှတ်ပုံတင်မိတ္တူကို ပို့ခိုင်းခဲ့ပြီးနောက် တရုတ်ရဲတပ်ဖွဲ့မှ သူမအား ကယ် ဆယ်ခဲ့သည်။

အမျိုးသမီးတစ်ဦးမှာမူ WeChat မှတဆင့် တရုတ်နိုင်ငံရှိ မြန်မာသံရုံးကို ဆက်သွယ်ပြီး ၃ ရက်အကြာတွင် ကယ် ဆယ် ခံခဲ့ရသည်။ သို့သော်လည်း ဤသို့ ကယ်ဆယ်မခံရမီ သူမသည် ၁ နှစ်ခွဲခန့် ယောက်ျားဖြစ်သူ၏ နှိပ်စက်ညှဉ်း ပမ်းမှုကို ခံခဲ့ရပြီး နောက်ဆုံးတွင် သူမယောက်ျားမှ သူမဖုန်းတွင်အသုံးပြုရန် စင်းကဒ် ထည့်ပေးပြီးမှသာ လွတ်မြောက် ရန် ကြိုး ပမ်းနိုင်ခဲ့သည်။

အမျိုးသမီးအနည်းငယ်သာ တရုတ်ရဲတပ်ဖွဲ့၏ အရေးပေါ်ဖုန်းနံပါတ် ၁၁၀ ကို တိုက်ရိုက် ဆက်သွယ်နိုင်ခဲ့သည်။ ဥပမာ- အသက် ၆၀ အရွယ် အမျိုးသားကို လက်ထပ်ရန် လူကုန်ကူးခံရသူ အမျိုးသမီးတစ်ယောက်သည် ရဲတပ် ဖွဲ့အရေးပေါ်ဖုန်း ၁၁၀ ကို ခေါ်ရန် ဖုန်းကို အသုံးပြုခဲ့သည်။ သူမသည် မြန်မာစကားကိုသာ ပြောတတ်သော်လည်း သူမယောက်ျား၏ မှတ်ပုံတင်နှင့် ဖုန်းနံပါတ်အချက်အလက်ကို ပေးနိုင်ခဲ့သောကြောင့် ၁ နာရီအတွင်း ရဲများရောက်ရှိ လာကာ သူမအား ကယ်ဆယ်နိုင်ခဲ့သည်။

- သတင်းပေးချက်များမှတဆင့် ရဲတပ်ဖွဲ့သိရှိခြင်း

အချို့အမှုများတွင် လူကုန်ကူးခံရကြောင်း သတင်းရ၍ ရဲတပ်ဖွဲ့မှ အမျိုးသမီးများကို လာရောက်ကယ်ဆယ်ခြင်းဖြစ် သည်။ ထိုသတင်းပေးသူများထဲတွင် အခြားလူကုန်ကူးမှုမှ လွတ်မြောက်သူများလည်း ပါဝင်ကြသည်။

ဥပမာ- အဒေါ်ဖြစ်သူနှင့်အတူ လူကုန်ကူးခံရပြီး တရုတ်နိုင်ငံရှိ အမျိုးသားအများအပြားထံ ရောင်းစားခံခဲ့ရသူ အ သက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်သည် သူမအဒေါ်မှ တရုတ်ရဲတပ်ဖွဲ့သို့ ထွက်ပြေးလွတ်မြောက်ချိန်တွင် တူမ ဖြစ်သူ အကြောင်း သတင်းပေးခဲ့သည့်အတွက် သူမအား ရဲတပ်ဖွဲ့မှ ကယ်ဆယ်နိုင်ခဲ့သည်။

နောက်ထပ် ဖြစ်ရပ်တစ်ခုတွင် အသက် ၁၇ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးသည် Henan သို့ လူကုန်ကူးခံရပြီး နောက် လူကုန်ကူးမှုလုပ်ငန်းတွင်း ပါဝင်ပတ်သက်နေသည့် တရုတ်အမျိုးသားတစ်ဦးနှင့် အတင်းအဓမ္မ လက်ထပ်ခံခဲ့ရသည်။ ထို အမျိုးသားသည် ၎င်း၏ ကိုယ်ပိုင်တိုက်ခန်းကို မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူ အမျိုးသမီးများကို ခဏထားသည့် နေရာ အဖြစ် အသုံးပြုခဲ့သည်။ နောက်ထပ်ရောက်လာသည့် လူကုန်ကူးခံရသူအမျိုးသမီးတစ်ဦးက တရုတ် ရဲတပ် ဖွဲ့ထံသို့ ဖုန်း ဆက်အကူအညီတောင်းခဲ့မှုကြောင့် ရဲများရောက်ရှိလာကာ တိုက်ခန်းကို စီးနင်းဝင်ရောက်ခဲ့ပြီး အခြား အမျိုးသမီးများ နှင့်အတူ သူမကိုပါ ကယ်ဆယ်နိုင်ခဲ့သည်။

- ရဲတပ်ဖွဲ့၏ ဧည့်စာရင်းစစ်ဆေးခြင်းမှတဆင့် ကယ်ဆယ်ခံရခြင်း

အချို့အမျိုးသမီးများမှာ ရဲတပ်ဖွဲ့မှ ပုံမှန်အိမ်ထောင်စုစာရင်းစစ်ချိန်တွင် တရားဝင်အထောက်အထားမရှိကြောင်း ရှာဖွေ တွေ့ရှိရာမှ ကယ်ဆယ်ခံခဲ့ရသည်။ ဤအခြေအနေသည် အထူးသဖြင့် ကိုဗစ်ကပ်ရောဂါ ကာလအတွင်း ရဲတပ် ဖွဲ့မှ တအိမ်တက်ဆင်း ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ချိန်တွင် အဖြစ်များသည်။ ဆွံ့အ,နေသော တရုတ်ခင်ပွန်း

နှင့် ၁၄ နှစ်ကြာ အတင်းအဓမ္မ လက်ထပ်ခဲ့ရပြီ သားသမီးနှစ်ဦးရရှိခဲ့သည့် အမျိုးသမီးတစ်ဦးကိုလည်း ကိုဗစ်ကာလ အတွင်း ထိုနည်းဖြင့်ပင် ကယ်ဆယ်နိုင်ခဲ့သည်။ ရဲတပ်ဖွဲ့မှ သူမအား ရွှေလီနယ်စပ်ကို ပြန်ပို့ပေးခဲ့သည်။

- ရဲတပ်ဖွဲ့၏ နေအိမ်ပြင်ပ စစ်ဆေးခြင်းမှတဆင့် ကယ်ဆယ်ခံရခြင်း

အမျိုးသမီးအများအပြားသည် ၎င်းတို့အိမ်ပြင်ပရောက်ချိန်တွင် ရဲများမှ တရားဝင်အထောက်အထားမရှိကြောင်း ရှာဖွေ တွေ့ရှိရာမှ ကယ်ဆယ်ခံခဲ့ရသည်။

တရုတ်နိုင်ငံအရှေ့ဖျားရှိ အမျိုးသားတစ်ဦးနှင့် လက်ထပ်ရန် ကုန်ကူးခံခဲ့ရသူ မြေပုံမြို့မှ အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် တရုတ်အမျိုးသားတစ်ဦးနှင့် လက်ထပ်ထားသူ သူမနှင့်ခင်သည့် အခြားမြန်မာအမျိုးသမီးတစ် ဦးနှင့်အတူ လမ်းလျှောက်ထွက်လာစဉ် ၎င်းတို့နှစ်ဦး၏ မြန်မာစကားပြောသံကို တရုတ်ရဲမှ ကြားသွားပြီး ၎င်းတို့ကို လက်မှတ်အထောက်အထား စစ်ဆေးခဲ့သည်။ ထို့နောက် သူမကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ကျန်းမာရေး စစ်ဆေးသည့် အချိန်တွင် သူမ၌ ကိုယ်ဝန် ၂ လ ရှိနေသည်ကို သိခဲ့ရသည်။ ထို့နောက် သူမကို မြန်မာနယ်စပ်သို့ ပြန်ပို့ခဲ့သည်။

- လင်ယောကျ်ားများ (သို့) လူကုန်ကူးသူများမှ ရဲတပ်ဖွဲ့ကို ဆက်သွယ်ခြင်း

အချို့သော အမှုများတွင် လင်ယောကျ်ားများ (သို့မဟုတ်) လူကုန်ကူးသူများကိုယ်တိုင် အမျိုးသမီးများကို တရုတ် ရဲလက် သို့ ပြန်လွှတ်ပေးခဲ့သည်။ ဥပမာ- အတင်းအဓမ္မ ဇနီးမယားအဖြစ် ရောင်းစားခံရသည့် ရန်ကုန်မှ အမျိုးသမီး တစ်ဦး သည် တရုတ်လင်ယောကျ်ားနှင့် ၁ နှစ်ခန့် နေခဲ့စဉ်အတွင်း ကိုယ်ထိလက်ရောက် နှိပ်စက်မှုများကို ခံစားခဲ့ရ သည်။ ထို့နောက် ထိုအမျိုးသားက ၎င်းတို့အိမ်နား နေထိုင်သော ပွဲစားဆီသို့ သူမအား မလိုချင်တော့ဘူးဆိုကာ ပြန် ပို့ခဲ့သည်။ ထို့နောက် ပွဲစားမှ သူမအား ရဲစခန်းသို့ သွားခွင့်ပေးခဲ့ပြီးနောက် ထိုမှတဆင့် နယ်စပ်သို့ ပြန်ပို့ခံခဲ့ရသည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် တရုတ်လင်ယောကျ်ားသည် သူမကိုယ်ဝန်မှာ မိန်းကလေးမှန်း သိသွားပြီးနောက် ၎င်းမိန်းမ သည် တရားမဝင်ရွှေ့ပြောင်းသူဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ ထို့နောက် သူမသည် မြန်မာနယ် စပ်သို့ ပြန်ပို့ခံခဲ့ရသည်။

## ရဲတပ်ဖွဲ့အကူအညီမပါပဲ ထွက်ပြေးလွတ်မြောက်ခြင်း

အချို့အမျိုးသမီးများမှာ တရုတ်ရဲဆီ အကူအညီမတောင်းပဲ အကြမ်းဖက်သည့် လင်ယောကျ်ားများဆီမှ ထွက်ပြေး လွတ် မြောက်ခဲ့ကြသည်။ ယူနန်ရှိ နေရာများသို့ လူကုန်ကူးခံရသူများသည် မြန်မာနယ်စပ်သို့ ပြန်ရန် ၎င်းတို့အတွက် အတော်သင့် လွယ်ကူကြသည်။

သို့သော်လည်း အခြားပြည်နယ်များသို့ ကုန်ကူးခံရသူများအတွက်မှု အများအားဖြင့် လိုင်းပေါ်တွင် သိကျွမ်းခဲ့သည့် "သူငယ်ချင်းများ"၏ အကူအညီ (သို့မဟုတ်) ၎င်းတို့၏ မူလ ပွဲစားများအကူအညီများဖြင့် ထွက်ပြေးလွတ်မြောက်နို င်ခဲ့ သည်။ ကံဆိုးစွာပင် ထိုအခြေအနေသည်ပင်လျှင် ၎င်းတို့သည် နောက်ထပ်တစ်ကြိမ် လူကုန်ကူးခံရမှုကို တွန်း ပို့လေ့ ရှိသည်။

## တရုတ်လင်ယောကျ်ားများကိုယ်တိုင် ဇနီးမယားများကို ထွက်သွားခွင့်ပြုခြင်း

အချို့အမှုများတွင် တရုတ်လင်ယောကျ်ားများကိုယ်တိုင် ရဲစခန်းသို့ ဆက်သွယ်ခြင်းမရှိပဲ ၎င်းတို့၏ ဇနီးများကို မြန်မာ နိုင်ငံသို့ ပြန်ခွင့်ပေးခဲ့သည်။ ဤအခြေအနေသည် တခါတရံ အချိန်တိုအတွင်း ဖြစ်လေ့ရှိပြီး အများအားဖြင့် လင်ယောကျ်ားများက အမျိုးသမီးများသည် အတင်း အကြပ် ရောင်းစားခံရသည်ကို သိရှိသွားပြီး သနားသွားသော အချိန် တွင် ဖြစ်လေ့ရှိသည်။

တခါတရံ အိမ်ထောင်သက် ၇ နှစ်လောက်ကြာပြီး ကလေး ၁ ဦး သို့မဟုတ် တဦးထက်ပိုသော ကလေးရပြီးနောက် လင်ယောကျ်ားများမှ ၎င်းတို့အား မလိုချင်တော့သည့် အချိန်တွင် ဖြစ်လေ့ရှိသည်။ တရုတ်ယောကျ်ားတစ်ဦးသည် ကလေးတစ်ယောက်ရပြီး အိမ်ထောင်သက် ၁၀ နှစ်အကြာ၊ နောက်ထပ် ပိုငယ်ရွယ်သောမိန်းမတစ်ယောက်ရချိန် တွင် ဇနီး ဖြစ်သူအား ပြန်ခွင့်ပေးခဲ့သည်။ အမျိုးသားဖြစ်သူသည် ၎င်းကိုယ်တိုင် ဇနီးဖြစ်သူအား မြန်မာနယ်စပ်သို့ ကားမောင်း ပို့ခဲ့ပြီး သူမအား ယွမ် ၃ သောင်း ပေးခဲ့သည်။

# ထပ်မံကုန်ကူးခံရခြင်း

ဖြစ်စဉ်ပေါင်း တစ်ဒါဇင်ခန့်တွင် အမျိုးသမီးများသည် နောက်ထပ် လင်ယောကျ်ားဖြစ်မည့်ဆီသို့ ပြန်လည်ကုန်ကူး ခံရ ရန်အတွက်သာ ၎င်းတို့၏ တရုတ်လင်ယောကျ်ားများထံမှ လွတ်မြောက်လာကြသည်။ တခါတရံ ဤအခြေအနေ သည် အခြေအနေတစ်ခုကြောင့် ၎င်းတို့ကို မကြိုက်သည့် လင်ယောကျ်ားများက မူရင်းလူကုန်ကူးထံသို့ ၎င်းတို့ကို ပြန်အပ် ချိန်တွင် ဖြစ်လေ့ရှိသည်။ ဥပမာအားဖြင့် သူမတို့သည် ကျန်းမာရေးမကောင်းခြင်း၊ ကလေးမမွေးနိုင်ခြင်း စသည့် ပြဿနာ များရှိပါက ပြန်ပို့ခံကြရခြင်းဖြစ်ပြီး တဖန် လူကုန်ကူးသူများက ထိုအမျိုးသမီးများကို နောက်ထပ် လင်ယော ကျ်ား အသစ်ထံ ပြန်လည်ရောင်းစားခဲ့ကြသည်။

သို့သော်လည်း ဖြစ်ရပ်အများစုတွင် အမျိုးသမီးများသည် ၎င်းတို့အနီးအနားတွင် နေထိုင်သော (သို့မဟုတ်) အွန်လိုင်း တွင် သိကျွမ်းခဲ့သော တရုတ်အမျိုးသားများနှင့် လက်ထပ်ထားသည့် အခြားမြန်မာအမျိုးသမီးများ၏ ပြန်လည်ကုန် ကူး ခြင်းကို ခံကြရသည်။ ဥပမာ- Henan ရှိ တရုတ်လယ်သမားတစ်ဦးနှင့် လက်ထပ်ရန် ကုန်ကူးခံခဲ့ရသည် မွန်ပြည် နယ်မှ အသက် ၁၇ နှစ်အရွယ် မိန်းကလေးသည် Wechat ပေါ်တွင် တရုတ်နိုင်ငံတွင်း နေထိုင်သော အိမ်ထောင် သည် မြန်မာ အမျိုးသမီးတစ်ဦးနှင့် သိကျွမ်းခဲ့ပြီး ထိုသူက စက်ရုံတရုံတွင် အလုပ်ရှာပေးနိုင်ကြောင်း သူမအား ပြောခဲ့သည်။ ထို့ကြောင့် မိန်းကလေးသည် အိမ်မှ ခိုးထွက်ကာ ပွဲစားနှင့် တွေ့ခဲ့သည်။ ထိုပွဲစားက သူမအား အလွန် အကြမ်း ဖက် သော နောက်ထပ် တရုတ်အမျိုးသားဆီသို့ ရောင်းစားခဲ့သည်။ သူမသည် ထိုယောကျ်ားနှင့် ၂ လကြာ နေခဲ့သည်။ သို့သော် ထိုကာလအတွင်း အလွန်ငိုယိုနေခြင်းကြောင့် ယောကျ်ားဖြစ်သူက ပွဲစားအား သူမကို ပြန်ခေါ်သွားခိုင်းခဲ့သည်။ ထို့နောက် သူမ ကို နောက်ထပ် တရုတ်အမျိုးသားထံ ပြန်လည်ရောင်းစားခဲ့ပြန်သည်။ ထိုအမျိုးသားက သူမအား သော့ပိတ်ထားခဲ့ သော်လည်း ကံကောင်းထောက်မစွာ ၁ လအကြာတွင် ရဲတပ်ဖွဲ့ဆီသို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

အချို့ဖြစ်ရပ် အနည်းငယ်တွင် တရုတ်လင်ယောကျ်ားများသည် အမျိုးသမီးများကို မလိုချင်တော့သည့်အခါ နောက်ထပ် အမျိုးသားများဆီသို့ ပြန်လည်ရောင်းစားခဲ့သည်။ ဥပမာ- Shandong မြို့မှ အလွန်အကြမ်းဖက်သည့် အမျိုးသားတစ်ဦး ဆီသို့ လူကုန်ကူးခံရသော ရန်ကုန်မှ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် လင်ယောကျ်ားဆီမှ ထွက်ပြေးရန် ကြိုးစားခဲ့သောကြောင့် Shandong ရှိ နောက်ထပ် အမျိုးသားတစ်ဦးထံသို့ ယွမ် ၁ သောင်းဖြင့် လင်ယောကျ်ားကိုယ် တိုင် ပြန်လည်ရောင်းစားခဲ့သည်။ စားသောက်ဆိုင်ဖွင့်ထားသည့် ဒုတိယ လင်ယောကျ်ားမှ ပို၍ပင် အကြမ်းဖက် ရက်စက် သူဖြစ်သည်။ ၎င်းကိုယ်ကိုယ် မီးရှို့သတ်ခဲ့သည့်အပြင် သူမကိုလည်း သေလုနီးပါးဖြစ်စေခဲ့သည်။ ရဲတပ်ဖွဲ့မှ သူမအား မြန်မာဘက်ခြမ်းသို့ ပြန်မပို့မီ သူမသည် ဆေးရုံတွင် တနှစ်ခန့် ကုသမှု ခံယူခဲ့ရသည်။

# တရုတ်ရဲများ၏ ပြုမူဆက်ဆံပုံ

အမျိုးသမီးများ ရဲစခန်းသို့ ရောက်လာသည့်အခါ (သို့မဟုတ်) အမျိုးသမီးများကို ခေါ်ဆောင်လာသည့်အခါ အမျိုးသမီး များသည် ရဲတပ်ဖွဲ့၏ စစ်ဆေးခြင်းကို ခံကြရပြီး အကယ်၍ တရုတ်စကားမပြောတတ်ပါက ဘာသာပြန်မှတဆင့် (သို့မဟုတ်) ဘာသာပြန် application ကို အသုံးပြုခြင်းဖြင့် မေးခွန်းများ မေးခံကြရသည်။

လင်ယောကျ်ားများက ၎င်းတို့၏ ဇနီးမယားများကို လာရောက်ရှာဖွေခြင်း မရှိသေးသည့်အခါ ဖြစ်နိုင်ပါက ရဲတပ်ဖွဲ့သည် ယောကျ်ားများကိုလည်း ရဲစခန်းသို့ ခေါ်ယူစစ်ဆေးမေးမြန်းမှု ပြုလုပ်ခဲ့သည်။

ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများရရှိခဲ့သည့် အမျိုးသမီးအချို့က လင်ယောကျ်ားဖြစ်သူများကို ရဲတပ်ဖွဲ့က ထိခိုက်စော်ကားမှု ဖြင့် တရားစွဲခဲ့ကြောင်း ပြောပြသည်။

ရဲတပ်ဖွဲ့ဆီသို ထွက်ပြေးလာသော လွတ်မြောက်လာသူ အများစုသည် မြန်မာနယ်စပ်ဘက်သို့ ပြန်ပို့ခံရသော်လည်း အမျိုးသမီးအများအပြားမှာ ၎င်းတို့အား ရဲတပ်ဖွဲ့မှ အကြမ်းဖက်သည့် လင်ယောကျ်ားများထံ ပြန်ပို့ခဲ့သည့် စိတ်မချမ်းမြေ့ဖွယ် အခြေအနေများကို မျှဝေခဲ့သည်။

ဥပမာ- Henan ပြည်နယ်ရှိ လယ်သမားတစ်ဦးနှင့် လက်ထပ်ရန် လူကုန်ကူးခံရသည့် အသက် ၁၇ နှစ်အရွယ် မိန်းကလေး သည် ရဲစခန်းသို့ ထွက်ပြေးလာသော်လည်း သူမ၏ လင်ယောကျ်ားထံ ပြန်လည်ပို့ခံခဲ့ရသည်။ အပြစ်ပေးသည့်အနေဖြင့် လင်ယောကျ်ားမှ သူမကို ၂ ပတ်ကြာ သော့ပိတ်ထားခဲ့သည်။ သူမသည် လင်ယောကျ်ားဖြစ်သူနှင့် နောက်ထပ် ၉ လကြာ နေခဲ့ရပြီးနောက် အွန်လိုင်းမှသိသူတစ်ဦး၏ အကူအညီဖြင့် ပြန်လည်ထွက်ပြေးလွတ်မြောက်ခဲ့သည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် Shandong ပြည်နယ်ရှိ အမျိုးသားတစ်ဦးကို လက်ထပ်ရန် ကုန်ကူးခံရသည့် အမျိုးသမီး တစ်ဦးသည် ၁၀ နှစ်ကြာသောအခါ လင်ယောကျ်ားဖြစ်သူကိုယ်တိုင် ရွှေလီနယ်စပ်သို့ ပြန်ခွင့်ပြုခဲ့သော်လည်း


ထိုနေရာ တွင် တရုတ်ရဲများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ ရဲများက လင်ယောက်ျားဖြစ်သူအား သူမကို လာခေါ်ရန် ဆက်သွယ်ခဲ့သည်။ လင်ယောက်ျားဖြစ်သူက သူမကို မလိုချင်တော့ဘူးဆိုမှသာ သူမအား မြန်မာပြည် ဘက်ခြမ်းသို့ ပြန်ခွင့်ပေးခဲ့သည်။

အဆိုပါဖြစ်ရပ်များသည် ရဲတပ်ဖွဲ့ က  တရုတ်လင်ယောက်ျားများကိုသာ ပို၍ မျက်နှာသာပေး ဘက်လိုက်နေသည်ကို ထင်ရှားစွာ ပြသနေသည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများသည် ရဲတပ်ဖွဲ့ထံသို့ ထွက်ပြေးလာရန် ကြိုးစားကြသော် လည်း ၎င်းတို့၏ လင်ယောက်ျားများဆီသာ အဓမ္မ ပြန်ပို့ခံနေရသောကြောင့် တရုတ်နိုင်ငံသို့ ကုန် ကူးခံရပြီး အကြမ်းဖက်လွန်းသည် အိမ်ထောင်ရေးအတွင်း ပိတ်မိနေသူ အများအပြား ရှိနေသေးကြောင်း ခန့်မှန်း နိုင်သည်။

## တရုတ်နိုင်ငံအတွင်းရှိ ရဲအချုပ်ခန်း

မြန်မာနိုင်ငံဘက်ခြမ်းသို့ ပြန်ပို့မခံရမီ ရဲအချုပ်ခန်းများ၊ ထောင်များ၊ ဘိုးဘွားရိပ်သာနှင့် လူငယ်ထိန်းသိမ်းရေး စင်တာများတွင် ထိန်းသိမ်းခံကြရကြောင်း အမျိုးသမီးများက ပြောသည်။ ဆေးကုသမှုခံယူရန် လိုအပ်သူအချို့မှာ ဆေးရုံတွင် ဦးစွာနေထိုင်ကြရသည်။ အချို့က စစချင်း ထိန်းသိမ်းခံရချိန်၌ ဟော်တယ်များတွင် ရက်အတော်ကြာ နေခဲ့ရကြောင်း ပြောသည်။ နောက်ထပ် အမျိုးသမီးတစ်ဦးကမူ သူမအား နယ်စပ်သို့ ပြန်မပို့မီ ရဲမေတစ်ဦး၏ အိမ်တွင် ၂ ည နေခဲ့ရကြောင်း ပြောပြသည်။

အချို့သော အမျိုးသမီးများသည် ရက်အနည်းငယ်သာ ထိန်းသိမ်းခံရခြင်းကြောင့် အလွန်ကံကောင်းကြသော်လည်း အခြားသူများမှာမူ တစ်နှစ်ပတ်လုံး ထိန်းသိမ်းခံခဲ့ရသည်။ ထိုသို့ ထိန်းသိမ်းသည့်အချိန်ကာလ ကြာမြင့်ရသည့် အကြောင်း



အရင်းကိုမူ ရှင်းရှင်းလင်းလင်း မသိရပေ။ ယူနန်တွင် ဇနီးမယားအဖြစ် ကုန်ကူးခံခဲ့ရသည့် အသက် ၁၆ နှစ်အရွယ် တအာန်း အမျိုးသမီးသည် ၂ ပတ်အကြာတွင် ရဲတပ်ဖွဲ့၏ ကယ်ဆယ်ခံခဲ့ရသော်လည်း လူငယ်ထိန်းသိမ်းရေး စင်တာတွင် တစ်နှစ်ကြာ ထိန်းသိမ်းခံခဲ့ရသည်။ နောက်ထပ် Guangzhou တွင် ဇနီးမယားအဖြစ် ရောင်းစားခံရသူ အမျိုးသမီးတစ်ဦးကိုလည်း ရဲတပ်ဖွဲ့မှ ကယ်ဆယ်ခဲ့သော်လည်း မြန်မာနယ်စပ်သို့ ပြန်ပို့မခံရမီ ထောင်ထဲတွင် တစ်နှစ်နေခဲ့ရသည်။

အလွန်စိတ်ပျက်ဖွယ်ရာမှာ မိန်းကလေးငယ် နှစ်ဦးအပါအဝင် လွတ်မြောက်လာသူ အများအပြားက ၎င်းတို့သည် စိတ်ကျန်းမာရေး ဆေးရုံ တွင် ထိန်းသိမ်းခံခဲ့ရကြောင်း ပြောပြခဲ့သည်။

ရန်ကုန်မှ လူကုန်ကူးခံခဲ့ရသည့် အသက် ၁၃ နှစ်အရွယ် မိန်းကလေးငယ်သည် Anhui တွင် အတင်းအဓမ္မ လက်ထပ်ခံရ ၍ ရဲစခန်းသို့ ထွက်ပြေးလာသော်လည်း သူမအား စိတ်ကျန်းမာရေးဆေးရုံတွင် တနှစ်ခန့် ထားခဲ့ပြီး ထိုနေရာတွင် အခြားစိတ်ဝေဒနာသည်လူနာတစ်ဦး၏ လည်ပင်းညှစ်ခံခဲ့သည်။ ထိုဆေးရုံမှ ထွက်ပြေးရန် ၃ ကြိမ်တိုင် ကြိုးစားခဲ့ရပြီး နောက်ပိုင်းတွင်မှ မြန်မာနယ်စပ်သို့ ရဲများက ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

Henan ရှိ အလွန်ယုတ်မာရက်စက်သည့် အမျိုးသားနှင့် လက်ထပ်ရန် ကုန်ကူးခံခဲ့ရသည့် ရန်ကုန်မှ အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်သည် ၁၀ အကြာတွင် တရုတ်ရဲစခန်းသို့ ထွက်ပြေးလာခဲ့သည်။ စစ်ဆေးမေးမြန်းပြီးနောက်တွင် ရဲများက သူမကို ထောင်ထဲတွင် ၂ လနီးပါးကြာ ထိန်းသိမ်းခဲ့ပြီး တဖန် စိတ်ကျန်းမာရေးဆေးရုံသို့ လွှဲပြောင်းပို့ဆောင်ခဲ့ပြီး ထိုထဲတွင် အမည်မသိသည့် ဆေးများပေးခဲ့သည်။ ၅ ပတ်ကြာပြီးနောက်သာ သူမအား မြန်မာနယ်စပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ယူနန်ပြည်နယ်မှ တရုတ်ဇနီးမယားအဖြစ် လူကုန်ကူးခံရသူ ဘူးသီးတောင်မှ အသက် ၂၄ နှစ်အရွယ် ရခိုင်အမျိုးသမီး တစ်ဦးသည် လအနည်းငယ်အကြာတွင် ရဲစခန်းသို့ ထွက်ပြေးလာခဲ့သည်။ သူမအား ဆေးစစ်ချက်ပြုလုပ်ချိန်တွင် ကိုယ်ဝန် ၂ လရှိနေကြောင်းတွေ့ရှိခဲ့သော်လည်း စိတ်ကျန်းမာရေးဆေးရုံတွင် ၃ လကြာ ထိန်းသိမ်းခဲ့သည်။ ထို့နောက်မှသာ မြန်မာနယ်စပ် ရွှေလီသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။

## မြန်မာနိုင်ငံသို့ ပြန်ပို့ခြင်း

ပြန်ပို့ချိန်တွင် အမျိုးသမီးများကို ရဲအရာရှိများ (အများအားဖြင့် အမျိုးသမီး) က မြန်မာနယ်စပ်များဖြစ်သည့် အများအားဖြင့် မူဆယ်မြို့၊ တခါတရံ Loije နှင့် Kanpaikti သို့ လိုက်ပါပို့ဆောင်ကြသည်။ အမျိုးသမီးအများစုကို ကူမင်းမြို့သို့ ရထားဖြင့် ခေါ်ဆောင်လာပြီး ထိုမှတဆင့် တရားဝင်နယ်စပ်ဂိတ်သို့ ကားဖြင့် ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် မြန်မာ ATTF ရဲတပ်ဖွဲ့လက်ထဲသို့ လွှဲပြောင်းခဲ့သည်။ အချို့အနည်းစုကိုသာ ယူနန်သို့ လေယာဉ်ဖြင့် ခေါ်ဆောင်ပြီး နယ်စပ်သို့ ကားဖြင့် ခေါ်ခဲ့သည်။ လမ်းခုလတ်တွင် ညအိပ်ရပါက ဟော်တယ်များတွင် နေကြကြောင်း သိရသည်။

အချို့က ၎င်းတို့ကို အခြားပြန်ပို့မည့် အမျိုးသမီးများနှင့်အတူ သယ်ဆောင်ခဲ့ကြောင်း ပြောပြသည်။ အချို့ကမူ ၎င်းတို့သည် လက်ထိပ်ခတ်ခံထားခဲ့ရကြောင်း ဖော်ပြကြသည်။

ကိုဗစ်ကပ်ရောဂါကာလအတွင်း အမျိုးသမီးအချို့ကို ရန်ကုန်သို့ လေယာဉ်ဖြင့် ပို့ဆောင်ကာ ATTF ရဲတပ်ဖွဲ့သို့ လွှဲပြောင်း ခဲ့သည်။

လွတ်မြောက်လာသူ အများစုကို ရဲတပ်ဖွဲ့မှ နယ်စပ်သို့ လုံခြုံစွာ ပြန်ပို့ခဲ့သော်လည်း လွတ်မြောက်သူတစ်ဦး၏ အတွေ့အကြုံအရ ပြန်ပို့ခံရသူများသည် ၎င်းတို့လိုရာခရီးသို့ လုံခြုံစွာရောက်ရှိနိုင်ရေးအတွက် ရဲများကို အပြည့်အဝ ယုံကြည်၍ မရကြောင်း ပြသနေသည်။ အဆိုပါအမျိုးသမီးသည် တရုတ်နိုင်ငံအရှေ့ပိုင်းတနေရာရှိ ရဲစခန်းသို့ ထွက်ပြေးလာခဲ့ပြီး နောက် နယ်စပ်သို့ဦးတည်သွားမည့် ကားထဲသို့ ထည့်ပေးလိုက်သော်လည်း တစ်ရက်တာ ကားစီးပြီးနောက် လမ်းလည် ခေါင်တနေရာတွင် သူမအား ချထားခဲ့သည်။ ထို့နောက် သူမသည် အခြားဒေသတွင်း ရဲစခန်းသို့ ရှာဖွေသွားရောက်ခဲ့ပြီး အလားတူဖြစ်ရပ်မျိုးနှင့် တထပ်တည်း ကြုံခဲ့ရပြန်သည်။ အရေးပေါ် နံပါတ် ၁၁၀ ကို ခေါ်ဆိုခဲ့ပြီး တတိယမြောက် ရဲစခန်း ရောက်ပြီးမှသာ နောက်ဆုံးတွင် သူမကို ယူနန်သို့ လေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ပြီး နယ်စပ်သို့ ကားဖြင့် ပြန်ပို့ခဲ့သည်။

## တရုတ်နိုင်ငံတွင် မွေးဖွားသော ကလေးများအပေါ် ရဲများ၏ ဆက်ဆံပုံ

ရဲတပ်ဖွဲ့ထံ ထွက်ပြေးလွတ်မြောက်လာသူ အမျိုးသမီးအားလုံးနီးပါးသည် ၎င်းတို့၏ တရုတ်ယောကျ်ားနှင့်ရသည့် သားသမီးများကို ဖခင်များမှ အုပ်ထိန်းခွင့်တောင်းဆိုကြမည်ကို ကြိုခန့်မှန်းကာ ချန်ရစ်ထားခဲ့ရသည်။ သို့သော်လည်း ဖြစ်စဉ်တစ်ခုတွင် ယူနန်သို့ လူကုန်ကူးခံရသူ အသက် ၄၃ နှစ်အရွယ် ကချင်အမျိုးသမီးသည် ရက်စက်ကြမ်းကြုတ်သော တရုတ်ယောကျ်ားနှင့် နှစ်ပေါင်းများစွာ ပေါင်းသင်းခဲ့ပြီးနောက်တွင် ကူမင်းမြို့ရှိ ရဲတပ်ဖွဲ့သို့ သူမ၏ ကလေး ၃ ဦးနှင့်အတူ ထွက်ပြေးလာခဲ့သည်။ သူမအား စစ်ဆေးမေးမြန်းပြီးနောက် ကလေး ၃ ဦးနှင့်အတူ ရွှေလီသို့ ပြန်ခွင့်ပြုခဲ့သည်။

အဆိုပါ လွတ်မြောက်သူမှာ အလွန်ကံကောင်းပုံရသည်။ ယူနန်ရှိ Lincang သို့ ကုန်ကူးခံရသူ နောက်အမျိုးသမီးတစ်ဦးသည် သူမ၏ ကလေးနှစ်ဦးနှင့်အတူ ရိုက်နှက်နှိပ်စက်သည့် တရုတ်ခင်ပွန်းဆီမှ ထွက်ပြေးလာခဲ့သည်။ ကလေး ၂ ဦးတွင် တစ်ယောက်မှာ သူမ မြန်မာနိုင်ငံမှ လာစဉ်ကတည်းက ပါလာသည့် သမီးဖြစ်ပြီး တစ်ယောက်မှာ တရုတ်အမျိုးသားနှင့် ရသည့် သားဖြစ်သည်။ ဒေသခံ ရဲတပ်ဖွဲ့တွင် အကူအညီတောင်းပြီးနောက် ရွှေလီနယ်စပ်သို့ ပြန်လာခွင့်ရခဲ့သော်လည်း သူမ၏ သားဖြစ်သူမှာ တရုတ်နိုင်ငံတွင် မှတ်ပုံတင်ထားပြီးဖြစ်၍ သူမနှင့်အတူ ခေါ်သွားခွင့် မပြုခဲ့ပေ။ ရဲတပ်ဖွဲ့မှ တရုတ်ယောကျ်ားမိသားစုအား သားဖြစ်သူကို ပြန်ခေါ်ခိုင်းခဲ့သောကြောင့် သူမသည် သမီးတစ်ဦးတည်းနှင့်သာ မြန်မာနိုင်ငံသို့ ပြန်ခဲ့ရသည်။


# မြန်မာလူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၏ ပြုမူဆက်ဆံပုံ

တရုတ်ရဲတပ်ဖွဲ့မှ တရားဝင် ပြန်လည်ပို့ဆောင်သည့် လူကုန်ကူးမှုမှ လွတ်မြောက်လာသူအားလုံးသည် နယ်စပ်ဂိတ်တွင် မြန်မာလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ (ATTF) သို့ လွှဲပြောင်းပေးအပ်ခံကြရသည်။ မြန်မာရဲတပ်ဖွဲ့မှ လူဝင်မှုကြီးကြပ် ရေး လုပ်ထုံးလုပ်နည်းများကို ကိုင်တွယ်ဆောင်ရွက်ပြီးနောက် လူကုန်ကူးသူများဖော်ထုတ်ရေးနှင့် လိုအပ်

ပါက တရားဥပဒေအရ အရေးယူမှုများ လုပ်ဆောင်နိုင်ရေးအတွက် စစ်ဆေးမေးမြန်းမှုများလုပ်ရန် လွတ်မြောက်လာသူများကို ဒေသဆိုင်ရာရုံးသို့ ပို့ဆောင်ခဲ့သည်။

ရဲတပ်ဖွဲ့မှ စစ်ဆေးမေးမြန်းပြီးနောက် လူကုန်ကူးသူများအား ဥပဒေအရ အရေးယူဆောင်ရွက်နေစဉ်အတွင်း လွတ်မြောက်သူများကို ကာကွယ်စောင့်ရှောက်ရန်နှင့် လုံခြုံရာနေရာပေးရန်အတွက် လွတ်မြောက်လာသူများကို ပြန်လည်ထူထောင်ရေးဦးစီးဌာန (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလက်အောက် ရှိ) ဝန်ထမ်းများထံသို့ လွှဲပြောင်းခဲ့သည်။ သို့သော်လည်း ကံမကောင်းစွာပင် ခိုလှုံရာစင်တာများမှာ အကန့်အသတ်ရှိနေ ပြီး မကြာခဏဆိုသလိုပင် နောက်ထပ် လွတ်မြောက်သူအသစ်များကို လက်ခံနိုင်လေ့မရှိပေ။ ဆိုလိုသည်မှာ လူမှုဖူလုံရေးတာဝန်ရှိသူများသည် လွတ်မြောက်လာသူများကို ကူညီရာတွင် ပံ့ပိုးမှုအားဖြင့် အခြားအဖွဲ့အစည်းများအပေါ် များစွာ အားကိုးနေရဆဲဖြစ်ပေသည်။

# ၂။ ရှမ်းပြည်မြောက်ပိုင်းရှိ တရုတ်အွန်လိုင်းလိမ်လည်မှုနေရာများသို့ လူကုန်ကူးခြင်း




၂၀၂၂ ခုနှစ် နှစ်လည်ပိုင်းတွင် KWAT သည် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နှင့် ကိုးကန့်နယ်ခြားစောင့်တပ်တို့ ထိန်းချုပ်မှုအောက်ရှိ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း ဒေသများသို့ လူကုန်ကူးခံရသူ အမျိုးသမီးများကို စတင်ကူညီမှု လုပ်ဆောင်ခဲ့သည်။ ၂၀၂၃ နှစ်ကုန်တွင် KWAT မှ အဆိုပါဒေသများသို့ လူကုန်ကူးခံရသူ အမျိုးသမီး ၁၀ ဦးကို ကူညီပေးခဲ့ပြီး အများစုမှာ တရုတ်ရာဇဝတ်ဂိုဏ်းများ၏ အွန်လိုင်းလိမ်လည်မှုစင်တာများနှင့် ၎င်းနှင့်

ဆက်စပ်သော ဖျော်ဖြေရေးဌာနများတွင် လိင်ကျွန်များအဖြစ် အတင်းအဓမ္မ စေခိုင်းခံခဲ့ရသည်။ တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်သူသည် သူမအား လိမ်လည်သူအဖြစ် အတင်းအကြပ် ခိုင်းစေခံခဲ့ရသည်။

# လွတ်မြောက်လာသူများ၏ နောက်ခံသမိုင်းကြောင်း

ဂနင့် ကိုးကန့်ဒေသများသို့ ကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများသည် အများအားဖြင့် အသက် ၂၀ ဝန်းကျင်အရွယ် များ ဖြစ်ကြသည်။ ထိုထဲမှ ၃ ဦးမှာ အသက် ၁၉ နှစ်အရွယ်ဖြစ်ပြီး တစ်ဦးမှာ ၁၇ နှစ်နှင့် နောက်တစ်ဦးမှာ ၁၆ နှစ်အရွယ် များဖြစ်သည်။ အိမ်ထောင်ကွဲသူတစ်ဦးမှလွဲ၍ ကျန်သည့် အမျိုးသမီးအားလုံးမှာ အိမ်ထောင်မရှိကြပေ။

အဆိုပါ လွတ်မြောက်သူ ၁၀ ဦးထဲမှာ ၈ ဦးမှ ကချင်ပြည်နယ်ဖြစ်ပြီး ၎င်းအနက် ၆ ဦးမှာ IDP စခန်းများ မှ ဖြစ်ပြီး တဦးမှာ ရခိုင် ပြည်နယ်နှင့် ကျန်တစ်ဦးမှာ မကွေးတိုင်းမှဖြစ်သည်။

# စုဆောင်းမှုနည်းလမ်းများ

မြန်မာနိုင်ငံမှ အမျိုးသမီးများတွင် ၄ ဦးကို အွန်လိုင်းကြော်ငြာမှတဆင့် စုဆောင်းခေါ်ယူခဲ့ပြီး ၅ ဦးမှာ ဆွေမျိုးများ (သို့မဟုတ်) အသိမိတ်ဆွေများမှ လူကိုယ်တိုင် တိုက်ရိုက်စုဆောင်းခဲ့ကာ ကျန်တဦးကိုမူ မူးယစ်ဆေးပေးကာ ဖမ်းဆီးခဲ့ သည်။

စုဆောင်းခေါ်ဆောင်ခံရသူများသည် ဟော်တယ်ဝန်ဆောင်မှုအလုပ်များ၊ ဂိမ်းဆိုင်များ၊ ဆံပင်ညှပ်ဆိုင်များတွင် မြန်မာနိုင်ငံ၏ အခြားဒေသများတွင် ရသည့် လစာထက် အဆပေါင်းများစွာမြင့်သော လစာပေးကာ ကမ်းလှမ်းခံခဲ့ရ သည်။ ဥပမာ- ရန်ကုန် အထည်ချုပ်စက်ရုံတွင် တစ်လ လစာ ၄ သိန်းဖြင့် အလုပ်လုပ်နေသော အမျိုးသမီးတစ်ဦးသည် ဂဒေသရှိ အွန်လိုင်းဂိမ်းဆိုင်တွင် လစာ တစ်လ ယွမ် ၄၀၀၀ ဖြင့် လုပ်ရန် ကမ်းလှမ်းခံခဲ့ရသည်။ နောက်ထပ်အမျိုးသမီး တစ်ဦးမှာ ဂဒေသရှိ ဟော်တယ်တစ်ခု၏ ဧည့်ခံကြိုဆိုရေးနေရာတွင် တစ်လလျှင် ကျပ်ငွေ ၃ သန်းဖြင့် ကမ်းလှမ်းခံခဲ့ ရသည်။

# ခရီးသွားလာခြင်း

အမျိုးသမီးများသည် ၎င်းတို့သွားရောက်ရမည့်နေရာသို့ လူစုဆောင်းသည်များနှင့်အတူ သွားရသူများရှိသကဲ့သို့ ရှမ်းပြည် မြောက်ပိုင်းရှိ မြို့များသို့ သွားရောက်ကာ ထိုနေရာတွင် ဒေသခံ အေးဂျင့်များနှင့် တွေ့ဆုံကာ ဂနင့်ကိုးကန့် ဒေသသို့ ကားဖြင့် အတူသွားခဲ့ကြသူများလည်းရှိသည်။ ၂၀၂၂ ခုနှစ်တွင် ရောက်ရှိသူများက ၁ ပတ်မှ ၂ ပတ် အထိ ကိုဗစ်ကွာရန်တင်းဝင်ခဲ့ရကြောင်း ပြောပြသည်။

# ဖမ်းဆီးချုပ်နှောင်ခံရမှု အခြေအနေများ

## လိင်ကျွန်ပြုခြင်း

လိင်ကျွန်အဖြစ် အဓမ္မစေခိုင်းခံရသည့် အမျိုးသမီးများသည် KTV ဘားနှင့် အနှိပ်ခန်းများတွင် လုပ်ခိုင်းခံရပြီး အချို့မှာ ငွေလိမ်စင်တာဝင်းအတွင်း လုပ်ကြရသည်။ ကိုကန့်ဒေသတွင် ထိုလုပ်ငန်းများသည် လောက်ကိုင်တွင် တည်ရှိသည်။ ဝဒေသအတွင်းတွင်မူ ဤဖျော်ဖြေရေးနေရာများသည် ပန်ဆန်း၊ မိုင်းပေါက်၊ Weng Gao စသည့် နေရာများ (ငွေလိမ် စင်တာအားလုံးမှာ တရုတ်နယ်စပ်အနီးတွင်ရှိသည်) အပါဝင် တရုတ်နယ်စပ်နှင့် ကီလိုမီတာ ၆၀ အကွာရှိ Man Maw သွပ်တူးဖော်ရေးလုပ်ငန်းဘေးမှ ရွာတရွာဖြစ်သည့် Man Man Hsai တွင်လည်း တည်ရှိသည်။

ပန်ဆန်းမြို့တွင်ရှိသည့် ဘားတွင်လုပ်သည့် သူမှ လွဲ၍ ကျန်နေရာမှ အမျိုးသမီးအားလုံးသည် အခန်းထဲတွင် သော့ခတ် ခံထားရပြီး အပြင်သို့ ထွက်ခွင့်မရကြပေ။ ပန်ဆန်းမြို့ရှိ ဘားတွင်မူ အမျိုးသမီးများသည် ဖောက်သည်များကို ဆွဲဆောင် ရန် ပါးလွှာသော အဝတ်အစားများ ဝတ်ဆင်ကာ အပြင်တွင် ရပ်နေကြရသည်။ ထိုဘားမှ အမျိုးသမီးတစ်ဦးက သူမပုံကို အွန်လိုင်းကြော်ငြာများတွင် တင်ခံရကြောင်း ပြောပြသည်။

အမျိုးသမီးအများအပြားသည် အလုပ်လုပ်နေစဉ်အတွင်း မူးယစ်ဆေးများကို အတင်းအကြပ် အသုံးပြုခိုင်းခံရကြောင်း ပြောပြကြသည်။ အမျိုးသမီးတစ်ဦးက သူမသည် တညအတွင်း အမျိုးသား ၁၀ ဦးနှင့် အတင်းအဓမ္မ အိပ်ခိုင်းခံရကြောင်း ပြောသည်။ နောက်တစ်ဦးကလည်း သူမသည် ကွန်ဒုံးမပါပဲ အတင်းအဓမ္မ လိင်ဆက်ဆံခံရပြီး မကြာခဏ မူးရူးနေသည့် ဖောက်သည်များ၏ ရိုက်နှက်ခြင်းကိုလည်း ခံရကြောင်း ပြောပြသည်။ အကယ်၍ ခွင့်ပြုချက်မရပဲ အနားယူပါက အလုပ်ရှင်များ၏ ရိုက်နှက်ခြင်းကိုပါ ခံရကြောင်း သူမက ပြောပြခဲ့သည်။

## အွန်လိုင်းလိမ်လည်မှုများ

အွန်လိုင်းငွေလိမ်သူများအဖြစ် အတင်းအဓမ္မစေခိုင်းခံရသော အမျိုးသမီးများသည် ၂၀၂၂ ခု နှစ်လည်ပိုင်းတွင် UWSA အုပ်ချုပ်ရေးဒေသရှိ ပန်ဆန်းသို့ ကုန်ကူးခံခဲ့ရသည်။

အလုပ်လုပ်သည့်နေရာသို့ သူမရောက်သွားသည့်အခါ အဆောက်အဦးပြင်ပသို့ သူမအား ထွက်ခွင့် မပေးခဲ့ပေ။ သူမ ဖုန်းကို သိမ်းဆည်းခဲ့ပြီး မိသားစုနှင့် အဆက်အသွယ်မလုပ်ရန် တားမြစ်ခဲ့သည်။ သူမသည် နိုင်ငံခြားသားများကို အွန်လိုင်းမှတဆင့် မိတ်ဖွဲ့ကာ ငွေရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်အောင် လိမ်လည်နည်းများကို ၁၀ ရက်ခန့် လေ့ကျင့် သင်ကြားခဲ့ရသည်။ သူမအနေဖြင့် လူများကို မလိမ်ချင်ကြောင်း ပြောသောအခါ မလုပ်ချင်ပါက ယွမ် ၁ သောင်းပေးရမည့် အကြောင်း ပြောခဲ့သည်။ ပိုက်ဆံပေးရန် မတတ်နိုင်သောကြောင့် သူမသည် ၆ လစာ အလုပ်စာချုပ်ကို မတရား လက်မှတ်ထိုးခဲ့ရသည်။

သူမသည် တနေ့လျှင် လူပေါင်း ၁၅ ဦးကို ပစ်မှတ်ထား လိမ်လည်ရန် တာဝန်ပေးခံရသည်။ သူမ၏ နေ့စဉ် အလုပ်ချိန်မှာ ၁၄ နာရီဖြစ်ပြီး သတ်မှတ်ထားသည့် အရေအတွက်မရပါက နောက်ထပ် အချိန်ပို ၄ နာရီ ထပ်မံခိုင်းစေခဲ့သည်။ အကယ် ၍ သတ်မှတ်အရေအတွက် မပြည့်မီသေးပါက (သို့မဟုတ်) အမိန့်တစ်ခုခုကို နာခံမှုမရှိပါက လက်ထိပ်ခတ်ပြီး ရိုက်နှက် ခြင်း၊ ထိုင်ထ ကြိမ်ဖန်များစွာ လုပ်ခိုင်းခြင်း၊ အစားမကျွေးပဲ သော့ပိတ်ထားခြင်း စသည်တို့ဖြင့် အပြစ်ပေးခံခဲ့ရသည်။ နောက်ဆုံးတွင် သူမကို ကုန်ကူးခဲ့သည့် အေးဂျင့် (မြန်မာအမျိုးသမီး) အား အသနားခံ တောင်းပန်တိုးလျှိုးပြီးနောက်တွင် သူမနှင့် အခြားသူမ၏ လုပ်ဖော်ကိုင်ဖက်များ စုစုပေါင်း ၁၆ ဦး (အမျိုးသားနှင့် အမျိုးသမီးများ) ကို ပန်ဆန်းရှိ နောက်ထပ် တနေရာသို့ နေရာပြောင်းပေးခဲ့သည်။ ထိုအဆောက်အဦးသစ်တွင်လည်း ၎င်းတို့အားလုံးသည် ၇ လအတွင် ၁ ပတ်ကြာ သော့ခတ်ခံခဲ့ရသည်။ ထိုကာလအတွင်း တရုတ်လူမျိုးအများအပြား ၎င်းတို့ကို လာရောက်ကြည့်ရှုကြပြီး ၎င်းတို့အား နောက်ထပ် ငွေလိမ်စင်တာတစ်ခုသို့ ထပ်မံလွှဲပြောင်းကာ တရုတ်စာဖြင့် ရေးသားသည့် စာရွက်စာတမ်းအား အတင်း လက်မှတ်ထိုးခိုင်းခဲ့သည်။ လက်မှတ်ထိုးရန် ငြင်းဆိုပြီး အိမ်ပြန်ချင်ကြောင်း ပြောသောအခါ သတ္တုချောင်းများဖြင့် ဆိုးဝါးစွာ ရိုက်နှက်ခံကြရပြီး အချို့မှာ ဆေးရုံတင်ခဲ့ရသည်။ သူမသည်လည်း ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။

ထိုအုပ်စုထဲတွင် မူဆလင်အမျိုးသား ၃ ဦးလည်း ပါဝင်ခဲ့ပြီး ၎င်းတို့ကို သီးသန့်ခွဲထုတ်ကာ ထပ်မံရိုက်နှက်ခဲ့ပြန်သည်။ ၎င်းတို့ကို ဖမ်းဆီးထားသူများက သူမတို့ အုပ်စုအား "မင်းတို့ ဒီစာချုပ်အသစ်ကို လက်မှတ်မထိုးရင် ဒီယောက်ျား ၃ ယောက်လုံးကို သတ်ပစ်မယ်။ တကယ်လို့ နင်တို့ထဲက တယောက်ယောက်က တကယ်ထွက်ချင်တယ်ဆိုရင် တစ်ယောက်ကို ယွမ် ၅ သိန်းပေးရမယ်" ဟု ပြောခဲ့သည်။ အားလုံးမှာ ရွေးချယ်စရာမရှိပဲ စာချုပ်ကို လက်မှတ်ထိုးခဲ့ရပြီး ယခင်အလုပ်ဟောင်းကဲ့သို့ပင် အလားတူလုပ်ငန်းခွင်အခြေအနေအောက်တွင် အလုပ်ရှင်သစ်များအတွက် လိမ်လည် မှုကို စတင်လုပ်ဆောင်ခဲ့ရသည်။

# ထွက်ပြေးလွတ်မြောက်သည့် နည်းလမ်းများ

ထွက်ပြေးလွတ်မြောက်ရန်အတွက် အသုံးများဆုံး နည်းလမ်းမှာ ဖမ်းဆီးချုပ်နှောင်မှုမှ ထွက်ပြေးခြင်းပင်ဖြစ်သည်။ အမျိုးသမီးနှစ်ဦးသည် မင်္ဂလာဆောင်ပွဲတစ်ခုအတွင်း ခိုးထွက်ကာ ထွက်ပြေးခဲ့သည်။ တစ်ဦးမှာ ဒုတိယထပ် ပြတင်းပေါက်မှ ခုန်ချချိန်တွင် ခြေထောက်ကျိုးခဲ့သော်လည်း ကံကောင်းထောက်မစွာပင် အကြင်နာတရားရှိသည့် ကားမောင်းသူတစ်ဦးနှင့် တွေ့ဆုံခဲ့ရပြီး ၎င်းမှ လွတ်မြောက်အောင် ကူညီပေးခဲ့သည်။

ကချင်အမျိုးသမီးနှစ်ဦးမှာမူ အွန်လိုင်းမှတဆင့် ၎င်းတို့၏ မိသားစုဝင်များကို ဆက်သွယ်ကာ မိသားစုဝင်များက UWSA ထိန်းချုပ်ဒေသတွင်ရှိသော ကချင်လူမျိုးများ၏ အကူအညီဖြင့် အမျိုးသမီးများကို လွတ်ပေးရန် ဒေသခံအာဏာပိုင်များ နှင့် ညှိနှိုင်းဆက်သွယ်ခဲ့ရာမှ လွတ်မြောက်သွားခဲ့သည်။

ဂသတ္တုတူးဖော်ရေးဒေသသို့ လူကုန်ကူးခံရသည့် အမျိုးသမီးသည် သူမနှင့် အလုပ်အတူလုပ်သူ သူငယ်ချင်းမှ ကရင်

ပြည်နယ်ရှိ ၎င်းမိသားစုကို ဆက်သွယ်ချိန်တွင် ၎င်းမိသားစုမှ ဘားအံရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ (ATTF) သို့ သတင်းပေးခဲ့သောကြောင့် လွတ်မြောက်ခွင့်ရခဲ့သည်။ လားရှိုး ATTF အဖွဲ့မှ ရောက်လာပြီး သူမတို့အား ကယ်ဆယ် နိုင် ခဲ့သည်။

# UWSA အာဏာပိုင်များ၏ ပါဝင်ပတ်သက်မှု

မိမိတို့၏ အင်တာဗျူးအချက်အလက်များအရ အွန်လိုင်းငွေလိမ်လုပ်ငန်းများနှင့် လိင်လုပ်ငန်းများအတွက် အမျိုးသမီး များကို လူကုန်ကူးခြင်းနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများနှင့် ပတ်သက်၍ UWSA အာဏာပိုင်များအနေဖြင့် လုံးဝ သိရှိနေကြကြောင်း တွေ့ရှိရသည်။ ဤအချက်သည် ဒေသခံ ကချင်အရိုတ်အဆက်၏ အကူအညီဖြင့် လွတ်မြောက် လာခဲ့သည့် ကချင်အမျိုးသမီးနှစ်ဦး၏ အတွေ့အကြုံများကို ကြည့်ခြင်းအားဖြင့် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။

ငွေလိမ်ဂိုဏ်းများမှ လွတ်မြောက်လာသူတစ်ဦး၏ ဖြစ်ရပ်တွင် သူမ မိသားစုသည် ပန်ဆန်းတွင် နေထိုင်သော ကချင် များကို ဆက်သွယ်ခဲ့ပြီး ၎င်းတို့မှတဆင့် ဝရဲတပ်ဖွဲ့မှ သူမကို ရှာဖွေရန်နှင့် ရဲစခန်းသို့ ခေါ်သွားရန် စီစဉ်ခဲ့သည်။ သို့သော်လည်း သူမကို ကယ်ဆယ်ရမည့်အစား ရဲတပ်ဖွဲ့က  သူမအား အလုပ်ရှင်နှင့် စာချုပ်အသစ်တွင် လက်မှတ် ထိုးခိုင်းခဲ့ပြီး ငွေလိမ်စင်တာသို့ ပြန်ပို့ခဲ့သည်။ သူမ၏ မိသားစုဝင်များ၏ ဆက်လက်ကြိုးစားခဲ့မှုကြောင့် ၁ လ ကြာ သည့်အခါ သူမကို ရဲစခန်းသို့ ထပ်ခေါ်ခဲ့သည်။ ဤအကြိမ်တွင် သူမ၏ တရုတ်အလုပ်ရှင်ကိုယ်တိုင် ရောက်လာပြီး ၎င်းထံတွင် သူမမှ ငွေအမြောက်အမြား အကြွေးတင်နေကြောင်း ပြောကာ သူမအား ခြိမ်းခြောက်ခဲ့သည်။ ရဲစခန်းကို ဖြတ်သွားသော UWSA အရာရှိကို မြင်သောအခါ ၎င်းထံသို့ ပြေးသွားကာ သူမအား ကူညီပေးရန် ဒူးဖက်ပေါင်ဖက် ငိုယိုအကူအညီ တောင်းခဲ့သည်။ ၎င်းအရာရှိ၏ ဝင်ရောက်ဆွေးနွေးမှုကြောင့် ရဲစခန်းမှ သူမအား ယွမ် ၉၀၀ ပေးပါက ရဲအချုပ်ခန်းတွင် နေနိုင်ကြောင်း ပြောခဲ့သည်။ သူမသည် မိဘများ မလာခင် အချုပ်ခန်းထဲတွင် ၁ လ နေထိုင်ခဲ့ရပြီး သူမလွတ်မြောက်ရေး အတွက် ရဲစခန်းသို့ ယွမ် ၂၀၀၀ ပေးခဲ့ရသည်။

အခြားအမှုတစ်ခုတွင် Mong Bawk ရှိ တရုတ်ပိုင် KTV ဘားတွင် လိင်ကျွန်အဖြစ် အတင်းခိုင်းစေခံရသည့် အမျိုးသမီး တစ်ယောက်သည် ဒေသခံ ကချင်များမှ UWSA အာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် ပြန်လည် လွတ်မြောက် ခဲ့သည်။ သို့သော်လည်း သူမမိသားစုမှ တရုတ်အလုပ်ရှင်သို့ လျော်ကြေးငွေအဖြစ် ယွမ် ၆၅၀၀ ပေးမှ သာလျှင်လွတ် မြောက်ခဲ့ခြင်းဖြစ်သည်။

# နိဂုံးချုပ်နှင့် အကြံပြုချက်များ

၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် ကိုးကန့်နှင့် ဂဒေသရှိ အွန်လိုင်းငွေလိမ်ဂိုဏ်းများကို ဖြိုခွင်းခဲ့သောကြောင့် KWAT ၏ စုဆောင်းထားသော အမှုတွဲများတွင် ထိုဒေသများရှိ ငွေလိမ်စင်တာများသို့ ကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများ မပါဝင်သေးပါ။

သို့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း KWAT သည် တရုတ်နိုင်ငံသို့ ဇနီးမယားအဖြစ် အတင်းအဓမ္မ ရောင်းစားခံရမှုမှ လွတ် မြောက်လာသူအရေအတွက်မှာ ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ခဲ့ရသည်။ လတ်တလော လူကုန်ကူးခံရသူ အများစုမှာ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ ပဋိပက္ခဖြစ်ပွားခြင်း မရှိသေးသည့် ဂနှင့် မိုင်းလာဒေသများမှ နယ်စပ်ကို ဖြတ်ကျော်ခဲ့ကြသည်။

တရုတ်နိုင်ငံအတွင်း သတို့သမီးလိုအပ်ချက် ဆက်လက်တည်ရှိနေခြင်း၊ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းပြီးနောက်ပိုင်း စီးပွားရေးပြိုလဲမှုနှင့် စစ်ပဋိပက္ခပျံ့နှံ့ဖြစ်ပွားလာမှုကြောင့် မြန်မာနိုင်ငံ လူဦးရေအတွင်း ပိုမိုဆင်းရဲငတ်မွတ်လာခြင်းတို့ကြောင့် နောက်ထပ် အမျိုးသမီးအမြောက်အမြားမှာ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့် ကြီးမားကျယ်ပြန့်သည့် သတို့သမီးကုန်ကူးမှုကွန်ယက်များ၏ လက်ထဲသို့ ပိုမိုရောက်ရှိလာမည်မှာ အသေအချာပင်ဖြစ်သည်။

ဤအစီရင်ခံစာသည် လူထုကြား လူကုန်ကူးမှုပြဿနာများနှင့်ပတ်သက်၍ အသိပညာပေးရေးနှင့် အမျိုးသမီးများအား လူကုန်ကူးခံရမှုမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ရေးအတွက် အထောက်အပံ့ဖြစ်မည်ဟု မိမိတို့ မျှော်လင့်ပါသည်။ သို့သော်လည်း တရုတ်ဇနီးမယားအဖြစ် အတင်းအဓမ္မလုပ်ရန် မြန်မာနိုင်ငံမှ နှစ်ကြိမ်တိုင် ကုန်ကူးခံခဲ့ရသည့် ရှင်သန် လွတ်မြောက်သူတစ်ဦး၏ ဖြစ်ရပ်အရ နှစ်ကြိမ်လုံးတွင် ဆောက်လုပ်ရေးလုပ်သားအဖြစ် အလုပ်ပေးမည့်ဟု ကမ်းလှမ်း ခံခဲ့ရသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများသည် ပထမအကြိမ် အန္တရာယ်များကို အတွေ့အကြုံ ရှိခဲ့ သည့်ကြားမှပင် လူကုန်ကူးသူလက်ထဲသို့ရောက်အောင် နောက်ထပ်တကြိမ် တွန်းပို့နေသည့် ဖိအားများစွာရှိနေသည်ကို ထင်ရှားစွာ တွေ့ရှိရသည်။

ရှင်းလင်းသည့် အချက်တစ်ခုမှာ လူကုန်ကူးမှုပြဿနာကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလာရခြင်း၏ အဓိက အခြေခံအရင်းအမြစ်ကို ဖြေရှင်းရန်လိုအပ်သည်မှာ ထင်ရှားသည်။ ထိုသို့ ဖြေရှင်းနိုင်ရန် အတွက် နိုင်ငံတဝှမ်း စစ်အာဏာရှင်စနစ် အဆုံးသတ်ရေးနှင့် သာတူညီမျှပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရေးမှာ အရေးကြီးလိုအပ်ပါသည်။

တချိန်တည်းမှာပင် နယ်စပ်နှစ်ဖက်လုံးမှ အာဏာပိုင်များအနေဖြင့် လူကုန်ကူးခြင်းကို တိုက်ဖျက် တားဆီးရန်အတွက် ထိရောက်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန်နှင့် လူကုန်ကူးခံရသူများအတွက် ကူညီပေးသည့် ရဲလုပ်ထုံးလုပ်နည်းများကိုလည်း တိုးတက်အောင် ပြုလုပ်ရန် အရေးကြီး လိုအပ်နေသည်။

ထို့ကြောင့် မိမိတို့အနေဖြင့် အောက်ပါအကြံပြုချက်များကို လုပ်ဆောင်ရန် တိုက်တွန်းပါသည်-

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့်-

1. နိုင်ငံအတွင်းမှ နိုင်ငံခြားလုပ်သားများ လိုအပ်သည့် နေရာဒေသအားလုံးသို့ မြန်မာနိုင်ငံသားများအနေဖြင့် လူကုန်ကူးခံရခြင်းနှင့် ခေါင်းပုံဖြတ်ခံရခြင်းကို ဖြစ်စေသည့် မှောင်ခိုပွဲစားကွန်ယက်များအပေါ်တွင် မှီခိုစရာမလိုပဲ တရားဝင် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်မည့် လွယ်ကူလျင်မြန်သော လမ်းကြောင်းများကို ဖွင့်လှစ်တည်ဆောက်ရန်။

2. နိုင်ငံခြားဇနီးမယားများအား ကျွန်ပြုနေခြင်းအပေါ် ဒေသခံ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့် အာဏာပိုင်များ၏ မျက် ကွယ်ပြုမှုကို ရပ်တန့်ရန် - လူထုလှုပ်ရှားမှုများ (သို့မဟုတ်) TV ဇာတ်လမ်းများ (သို့မဟုတ်) ရုပ်ရှင်များမှ တဆင့်- လူကုန်ကူးခံရသူ နိုင်ငံခြားမှ ဇနီးမယားများ၏ ဆင်းရဲဒုက္ခများအကြောင်း လူထုအသိပညာပေးမှု လုပ်ဆောင်ရန်။

3. နိုင်ငံခြားမှ လူကုန်ကူးခံရသူများကို ပြန်မပို့မီ ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းသည့် အချိန်ကာလအတိုင်းအတာကို လျော့ချရန်နှင့် စိတ်ကျန်းမာရေးဆေးရုံများတွင် လူကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများကို မတရားဖမ်းဆီးထိန်းသိမ်းခြင်းမှ ရပ်တန့်ရန်။

4. လူကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများအား တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ ထိန်းချုပ်ရာဒေသသို့ ပြန်လည်ပို့ဆောင်သည့်အခါ တရုတ်ရဲတပ်ဖွဲ့အား နယ်စပ်ဂိတ်များတွင် ၎င်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရေး လုပ်ပိုင်ခွင့်ပြုရန်။

5. နယ်စပ်ဒေသများရှိ ဒေသခံ ရပ်ရွာအခြေပြု စေတနာ့ဝန်ထမ်းအား ဖမ်းဆီးခံရမည်ကို ကြောက်ရွံ့စရာမလိုပဲ လူကုန်ကူးမှုမှ လွတ်မြောက်လာသူများကို လွတ်လပ်စွာ ကူညီဆောင်ရွက်ခွင့်ပေးရန်။

တရုတ်နယ်စပ်တလျှောက်ရှိ မြန်မာဘက်ခြမ်းဒေသများကို ထိန်းချုပ်ထားသော တိုင်းရင်းသားခုခံတော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့် -

1. လူကုန်ကူးသူများကို ထိရောက်စွာ အရေးယူရန်နှင့် အဓမ္မလုပ်အားပေးခိုင်းစေနေသည့် စီးပွားရေးလုပ်ငန်းများကို ပိတ်ပစ်ရန်။

2. ၎င်းတို့ဒေသအတွင်း လူကုန်ကူးမှုနှင့် အတင်းအဓမ္မစေခိုင်းမှုတို့တွင် ပါဝင်ပတ်သက်နေသည့် မည်သည့်တရုတ်နိုင်ငံသားမဆို တရုတ်အာဏာပိုင်များထံ ပြန်ပို့ရန်။

3. တရုတ်ရဲတပ်ဖွဲ့မှ ၎င်းတို့ဒေသအတွင်းသို့ ပြန်ပို့လိုက်သည့် လူကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများကို လက်ခံရန်နှင့် ကူညီရန်အတွက် လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်နှင့် လုံလောက်သော ရန်ပုံငွေ ထားရှိရန်။

4. ၎င်းတို့ဒေသရှိ လူကုန်ကူးခံရမှုမှ လွတ်မြောက်လာသူများအား ကူညီပေးနေသည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ အလုပ်များ အဆင်ပြေချောမွေ့စေရန် အဆိုပါ အဖွဲ့အစည်းများနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ရန်။

KWAT

# Kachin Women's Association Thailand

ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်တွင် ထုတ်ဝေသည်။